အတွဲ(၁)၊ အမှတ်(၁)

ဩဂုတ်၊ ၂၀၂၅။

# အောင်လံတော်

- လူထုလွတ်မြောက်ရေးနှင့် နိုင်ငံတော်သစ်ဆီသို့ ချီတက်ကြ -



**မာတိကာ** **စာမျက်နှာ**

ဖတ်လိုသည့် စာမျက်နှာကို တိုက်ရိုက်ကလစ်လုပ်၍လည်း ဖတ်ရှုနိုင်ပါသည်။


| | |
|---|---|
| အယ်ဒီတာ့စကား | ၃ |
| တပ်ဦး/တပ်တော်စုဖွဲ့မှု | ၄ |
| **ကဗျာကဏ္ဍ** | |
| - တူတူး တူတူး တုတူ တုတူ | ၇ |
| - ၁၉၈၈ | ၈ |
| **ကမ္ဘာ့ ကမ္ဘာ့အရေး** | |
| - ထိုင်း-ကမ္ဘောဒီးယား အပစ်အခတ်ရပ်စဲရေး နှင့် စူပါပါဝါများ | ၉ |
| **မြန်မာ့ ကမ္ဘာ့အရေး** | |
| - စစ်တပ်ခြေရှုပ်သမျှနှင့် ဗျာပွေစရာ မြန်မာ့သပ္ပတ်အူ | ၁၁ |
| **နိုင်ငံရေး** | |
| - လူထုတိုက်ပွဲနဲ့ လက်နက်ကိုင်တိုက်ပွဲ | ၁၇ |
| **လက်ရှိနိုင်ငံရေးအမြင်** | |
| - သွားမယ့်နေရာမရှိဘဲ ခုတ်မောင်းနေတဲ့ ရထားဟာ ရွေ့နေတာလား | ၂၁ |
| **ကျောင်းသားလူငယ်အသံ** | ၂၈ |
| **တော်လှန်ရေး နှင့် အမျိုးသမီးရေး** | |
| - မဝတ်ရည်အောင် | ၃၁ |
| **စစ်ရေးဆိုင်ရာ** | |
| - အနောက်ဘက်စစ်မျက်နှာ ဖျက်အားပြင်းငါးကြင်းတကောင် | ၃၅ |
| - MG - 3 (သို့မဟုတ်) | ၃၇ |
| **သရော်စာ** | |
| - မောင်ရင်ငတေ ပြောပြီ | ၄၁ |
| **ဓါတ်ပုံကဏ္ဍ** | |
| - ရှစ်လေးလုံးလူထုအရေးတော်ပုံ ဓါတ်ပုံမှတ်တမ်းများ | ၄၅ |

## အယ်ဒီတာ့စကား

တော်လှန်ရေးဟာ အချိုးအကွေ့ပေါင်းများစွာကျော်ဖြတ်ပြီး တရွေ့ရွေ့ပြောင်းလဲလာခဲ့တာ တိုးတက်မှုတွေ၊ ဆိုးယုတ်မှုတွေ၊ အောင်မြင်မှုတွေ၊ ရှုံးနိမ့်မှုတွေ ဆိုတဲ့ တော်လှန်ရေးရဲ့ လောကဓံအမျိုးမျိုးကိုလည်း ကျမတို့ ကြုံတွေ့ခဲ့ရပြီးပါပြီ။ လက်ရှိအချိန်မှာတော့ တော်လှန်ရေးဟာ တိုးတက်ပြောင်းလဲနေတယ်လို့လည်း ပြောလို့မရ၊ ရှုံးနိမ့်ဆုတ်ယုတ်နေတယ်လို့လည်း ပြောလို့မရတဲ့ အခြေအနေမှာ ဖြစ်နေတယ်လို့ မြင်မိပါတယ်။ ဒီလိုပြောရခြင်းက တော်လှန်ရေးတစ်ခုလုံးထဲက စစ်ရေးအစိတ်အပိုင်းကို ကြည့်မယ်ဆိုရင် ရန်သူက အမြစ်ပြတ်မချေမှုန်းနိုင်ဘူးဆိုတဲ့အဆင့်ကို ကျော်ဖြတ်ခဲ့ပြီးပြီ၊ ရန်သူရဲ့ စခန်းသိမ်းအောင်မြင်မှုတွေကို ရရှိခဲ့ပြီးလို့ မြို့သိမ်းစစ်ဆင်ရေးတွေလည်း စုစည်းညီညွတ်မှုနဲ့ ဖော်ဆောင်နိုင်ခဲ့ကြပါပြီ။ ဒါပေမဲ့ ကျမတို့မှာ လူထုနဲ့စပ်လျဥ်းတဲ့ အစိတ်အပိုင်းတွေနဲ့ နိုင်ငံရေးအစိတ်အပိုင်းတွေမှာတော့ အားနည်းချက်အများတွေ အများကြီး ကြုံတွေ့နေရဆဲပါ။ စိုးမိုးထိန်းချုပ်နယ်မြေအတွင်း ပြည်သူ့ရေးရာကဏ္ဍတွေက လုပ်ရပ်အများတွေနဲ့ အာဏာရှင်အမြစ်ပြတ်ပြီး အလွန်ရဲ့ နိုင်ငံရေးရည်မှန်းချက်ကို ခိုင်ခိုင်မာမာ မတည်ဆောက်နိုင်သေးတဲ့ အားနည်းချက်တွေကို အဖြေမရှာဘဲနဲ့ တော်လှန်ရေးကို အောင်မြင်အောင် မဆောင်ရွက်နိုင်ပါဘူး။ ဒီအချက်ကပဲ လက်ရှိမှာ စစ်ရေးအောင်မြင်မှုတွေ အတိုင်းအတာတရပ်အထိ ရရှိနေပေမဲ့လို့ အာဏာရှင်စနစ်ကို အမြစ်ဖြတ်ချေမှုန်းနိုင်ရေးဖြစ်တဲ့ တော်လှန်ရေးရဲ့ နောက်တဆင့်ကို မရောက်နိုင်တဲ့ အကြောင်းရင်းဖြစ်ပါတယ်။ လူထုတော်လှန်ရေးရဲ့ ရည်မှန်းချက်ကို စစ်ရေးအောင်မြင်မှုသက်သက်နဲ့ပဲ မဖော်ဆောင်နိုင်ဘူးဆိုတာ သတိချပ်ရပါမယ်။ အခုဆိုရင် ၂၀၂၁ စစ်အာဏာသိမ်းမှုက ပေါ်ပေါက်လာတဲ့ နွေဦးတော်လှန်ရေးကလည်း ငါးနှစ်တာကာလအတွင်း ရှိလာပါပြီ။ လွတ်လပ်ရေးရပြီးချိန်ကစလို့ ထပ်ကျော့အာဏာသိမ်းမှုတွေကနေ ပေါ်ပေါက်လာခဲ့တဲ့ လူထုအရေးတော်ပုံ နဲ့ လက်နက်ကိုင်တော်လှန်ရေးတွေရဲ့ မျှော်မှန်းချက်တွေကို လက်ရှိ နွေဦးအရေးတော်ပုံက လက်ဆင့်ကမ်း သယ်ဆောင်လာပြီး တိုက်ပွဲဝင်နေတာဖြစ်ပါတယ်။ ဒီလို သမိုင်းတလျှောက် စစ်အာဏာရှင်ကို ရင်ဆိုင်တိုက်ပွဲဝင်ခဲ့တဲ့ လူထုတော်လှန်ရေးတွေရဲ့ အနှစ်သာရကို မမေ့ဖို့နဲ့ လူထုအာဏာအခြေတည်တဲ့ နိုင်ငံတော်သစ်တရပ်ကို တည်ဆောက်နိုင်ရေးအတွက် ပြည်သူလူထုနဲ့ အစဉ်မပြတ်ချိတ်ဆက်နိုင်ဖို့ကို ရည်ရွယ်ပြီး အောင်လံတော် စာစောင်ရဲ့ ပထမအကြိမ်ထုတ်ဝေမှုကို ရှစ်လေးလုံး လူထုအရေးတော်ပုံ ၃၇ နှစ်ပြည့် အထိမ်းအမှတ်အနေနဲ့ ထုတ်ဝေလိုက်ပါတယ်။ တပ်ဦး/တပ်တော်က တော်လှန်ရေးရဲဘော်တွေရဲ့ အတွေးအခေါ်၊ အနုပညာတွေ ပေါင်းစပ်ဖြစ်တည်လာတဲ့ အောင်လံတော်စာစောင်ကနေ လက်ရှိနွေဦးတော်လှန်ရေးခရီးရဲ့ ဖြတ်သန်းမှုတွေကို သမိုင်းမှတ်တမ်းတင်ရင်း ခေတ်အဆက်ဆက် လူထုအရေးတော်ပုံတွေနဲ့ လက်နက်ကိုင်တော်လှန်ရေးတွေရဲ့ ကြွေးကြော်သံတွေကို ဆက်လက်သယ်ဆောင်ပြီး အနာဂတ်နိုင်ငံတော်သစ်ကို အတူတကွ ပုံဖော်ထုဆစ်သွားကြဖို့ ဖြစ်ပါတယ်။ ။




ခေတ်အဆက်ဆက် မတရားမှုတွေကို အဖိနှိပ်ခံလူထုနဲ့အတူ ရပ်တည်ပြီး ရှေ့ဆုံးကနေ တိုက်ပွဲဝင်ခဲ့တဲ့ ကျောင်းသားတွေဟာ ၂၀၂၁ အာဏာသိမ်းမှုက ပေါ်ပေါက်လာတဲ့ လူထုတိုက်ပွဲနဲ့ လက်နက်ကိုင်တော်လှန်ရေးမှာလည်း ရရာလက်နက်ကိုင်စွဲလို့ တော်လှန်တိုက်ပွဲ ဝင်နေကြဆဲ ဖြစ်ပါတယ်။ ကျောင်းသားလက်ရုံးတပ်တော် (SAF)ကလည်း အဲ့ဒီလို ကျောင်းသားထုရဲ့တာဝန်ကို ပုခုံးလွှဲပြောင်းဆက်ခံခဲ့ကြတဲ့ ရန်ကုန်အခြေစိုက် တက္ကသိုလ်ကျောင်းသားသမဂ္ဂများ (တကသများ- ရန်ကုန်)ရဲ့ စုဖွဲ့မှုကတဆင့် ပေါ် ပေါက်လာခဲ့တာပါ။ ၂၀၂၅ ခုနှစ် ဧပြီ ၁၈ ရက်မှာတော့ တကသများ-ရန်ကုန်ရဲ့ နိုင်ငံရေးဦးဆောင်မှုကို ကျောင်းသားတပ်ဦး (SF) က လွှဲပြောင်းတာဝန်ယူခဲ့ပါတယ်။

မေလ ၁၅ ရက်ကနေ ၂၀ ရက်အထိ ပြုလုပ်ခဲ့တဲ့ ဗဟိုကော်မတီ၊ တပ်မှူးနဲ့ အရာရှိတွေ ပါဝင်တဲ့ ကျောင်းသားတပ်ဦး/ ကျောင်းသားလက်ရုံးတပ်တော် (SF/ SAF) ရဲ့ ပထမအကြိမ် ညီလာခံကနေ တပ်ဦး/တပ်တော်ရဲ့ အခြေခံမူ၊ မျှော်ရည်ချက် နဲ့ တာဝန်ကြီး ၆ ရပ် အပါအဝင် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို အတည်ပြုခဲ့ပြီး တပ်ဦး/ တပ်တော်ရဲ့ ဗဟိုဦးဆောင်ကော်မတီကို ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက် တာဝန်ပေးခဲ့ပါတယ်။

ဒီနေရာမှာ တကသများ- ရန်ကုန်ကို ဖျက်သိမ်းပြီး ကျောင်းသားတပ်ဦးကို ပြောင်းလဲဖွဲ့စည်းရတဲ့ အဓိက အကြောင်းရင်း ၂ ချက်ရှိပါတယ်။ တချက်ကတော့ ကျောင်းသားသမဂ္ဂတွေရဲ့ ကိုယ်စားပြုမှုအကန့်အသတ်ပါ။ အရင်က ကျောင်းသားသမဂ္ဂတွေဟာ ကျောင်းသားထုရဲ့ ရွေးကောက်တင်မြှောက်မှုနဲ့ ကျောင်းသားထုအသံကို ကိုယ်စားပြုပြီး ဖွဲ့စည်းဆောင်ရွက်ခဲ့ကြပေမဲ့ အာဏာသိမ်းမှု

နောက်ပိုင်း လက်နက်ကိုင်တော်လှန်ရေးအသွင် ပြောင်းလာချိန်မှာတော့ စစ်အာဏာရှင်စနစ်အောက်ကနည်းမျိုးစုံနဲ့ ရုန်းထွက်တော်လှန်နေကြတဲ့ ပြန့်ကျဲနေတဲ့ ကျောင်းသားထုကို အပြည့်အဝကိုယ်စားပြုမှုမရှိတော့ဘူးလို့ လက်ခံယူဆတဲ့အတွက် တကသများ-ရန်ကုန်ကို ဖျက်သိမ်းပြီး ကျောင်းသားထုကိုယ်စားပြုမှုကို ကျောင်းသားတွေဆီ ပြန်လည်အပ်နှင်းခဲ့တာပါ။

နောက်တချက်ကတော့ လက်ရှိအခင်းအကျင်းထဲက အကြပ်အတည်းနဲ့ စိန်ခေါ်မှုတွေ ဖြစ်ပါတယ်။ လေးနှစ်တာကာလတလျှောက် စစ်အုပ်စုရဲ့ အင်အားသုံးဖိနှိပ်မှုအမျိုးမျိုးကို ကြံ့ကြံ့ခံရင်ဆိုင်လာခဲ့တဲ့ လက်နက်ကိုင်တော်လှန်ရေးရဲ့ တိုက်ပွဲသဏ္ဍာန်ဟာ လက်ရှိအချိန်မှာ ပိုမိုပီပြင်လာခဲ့ပြီး လူထုတော်လှန်ရေးရဲ့ ရည်မှန်းချက်တွေဆီ အားကောင်းကောင်းနဲ့ ချီတက်တိုက်ပွဲဝင်နိုင်ဖို့ အရေးကြီးတဲ့အချိန်ဖြစ်ပါတယ်။ ဒီအချိန်မှာ ထပ်ပြီး ကြုံတွေလာမဲ့ အခက်အခဲလှိုင်းတံပိုးတွေကို ကျော်ဖြတ်ပြီး မိမိတို့ ရည်မျှော်တဲ့ လူထုလွတ်မြောက်ရေးနဲ့ နိုင်ငံတော်သစ်တည်ဆောက်ရေးဆီ လျှောက်လှမ်းနိုင်ဖို့ဟာ မူဝါဒခိုင်ခိုင်ခိုင်မာမာနဲ့ နိုင်ငံရေးဦးဆောင်မှုပြုနိုင်တဲ့ အစုအဖွဲ့တခု မဖြစ်မနေလိုအပ်တယ်လို့ ယုံကြည်တာကြောင့် တပ်ဦး/တပ်တော်ကို ပြောင်းလဲဖွဲ့စည်းခဲ့တာ ဖြစ်ပါတယ်။

မိမိတို့အနေနဲ့လည်း တော်လှန်ရေးကာလတလျှောက်လုံးမှာ ရန်သူကို ထိုးစစ်ဆင်တိုက်ခိုက်နေရင်း တချိန်တည်းမှာပဲ မဟာမိတ်အင်အားစုတွေ ကျစ်ကျစ်လစ်လစ် စုစည်းနိုင်ဖို့နဲ့ ကျေလည်တဲ့ ဘုံသဘောတူညီချက်တခု ချမှတ်နိုင်ဖို့ကို တော်လှန်ရေးရဲ့ အဓိကကျတဲ့ လုပ်ငန်းစဉ်တခုအနေနဲ့ အစဉ်တစိုက် လက်ခံဆောင်ရွက်ခဲ့ပါတယ်။ တပ်ဦး/တပ်တော်ဟာ ကျောင်းသားလူငယ်တွေနဲ့ အခြေပြုဖွဲ့စည်းထားတဲ့ တပ်ဖွဲ့တခုဖြစ်တာကြောင့် မိမိတို့နည်းတူ လူထုတော်လှန်ရေးအတွင်းက ကျောင်းသားလူငယ်အင်အားစုတွေ စုစည်းနိုင်ဖို့ ရည်ရွယ်ပြီး ပထမအကြိမ် ညီလာခံအတွင်းမှာ ကျောင်းသားအင်အားစုများကို စုစည်းနိုင်ရေးကို တာဝန်ကြီးတရပ်အနေနဲ့ ချမှတ်အတည်ပြုခဲ့ပါတယ်။ ယခုနှစ် မေလ နဲ့ ဇူလိုင်လအတွင်းမှာ မိမိတို့ ကျောင်းသားတပ်ဦး/ ကျောင်းသားတပ်တော်နဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး(မကဒတ)တို့ တွေ့ဆုံ ဆွေးနွေးမှုများ ရှိခဲ့ပြီး ကျောင်းသားအခြေပြု တပ်ဖွဲ့ ၂ ခု လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်နိုင်ရေးနဲ့ ပြန်ကျဲ့နေတဲ့ ကျောင်းသားလူငယ်အင်အားစုများကို စုစည်းရေးမှ တစုံလုံးအတိုင်းအတာအရ တပ်ပေါင်းစုပေါ်ပေါက်လာနိုင်ရေး ဦးတည်ဆွေးနွေးမှုတွေလည်း ရှိခဲ့ပါတယ်။

တော်လှန်ရေးဟာ စနစ်ဟောင်းကို ဖြိုချပြီး စနစ်အသစ်ကို တည်ဆောက်ရတာလို့ နားလည်ပါတယ်။ စစ်အာဏာရှင်စနစ်ကို အမြစ်ဖြတ်နိုင်ဖို့က လက်ရှိလူထုတော်လှန်ရေးရဲ့ ကနဦး စေ့ဆော်ချက်ဖြစ်ခဲ့ပေမဲ့ အစားထိုးတည်ဆောက်ရမဲ့ စနစ်တခု မရှိနေခဲ့ဘူးဆိုရင် တော်လှန်ရေးရဲ့ ရည်မျှော်ချက်ကို မရောက်ရှိသေးဘူးလို့ပဲ ပြောရမှာပါ။ အင်အားစုအသီးသီးက စစ်အုပ်စုကို ချေမှုန်းနိုင်ဖို့ ကြိုးစားနေတဲ့တချိန်တည်းမှာပဲ မိမိတို့ မဟာမိတ်အချင်းချင်းထဲမှာ ကျေလည်သဘောတူထားတဲ့ နိုင်ငံတော်သစ်တရပ် ပီပီပြင်ပြင် ရုပ်လုံးပေါ်နေဖို့ဟာ အဓိက လိုအပ်ချက်ဖြစ်တယ်လို့ တပ်ဦး/တပ်တော်

အနေနဲ့ လက်ခံယုံကြည်ထားပါတယ်။ မိမိတို့အနေနဲ့ လူထုတော်လှန်ရေး ခရီးကြမ်းတလျှောက် ဘယ်လိုလှိုင်းဒဏ်ပဲကြုံကြုံ လူထုကိုမျက်နှာမူပြီး တိုက်ပွဲဝင်နေတဲ့ အင်အားစုတွေနဲ့အတူ လူထုလွတ်မြောက်ရေးအတွက် မယိုင်မလဲ ရပ်တည်တိုက်ပွဲဝင်သွားမှာဖြစ်ပြီး လူထုအာဏာအခြေတည်တဲ့ နိုင်ငံတော်သစ်တရပ် တည်ဆောက်နိုင်ရေးဟာ တပ်ဦး/တပ်တော်ရဲ့ တော်လှန်ရေး အန္တိမပန်းတိုင်ဖြစ်ပါတယ်။ ။

**ခက်သွယ်**

## ထုတ်ဝေမှုမှတ်တမ်း

**အမှတ်စဉ်** - အတွဲ (၁)၊ အမှတ် (၁)
**ထုတ်ဝေရက်စွဲ** - ၈.၈.၂၀၂၅
**ထုတ်ဝေသူ** - ပြန်ကြားရေးဌာန
ပြန်ကြားရေး နှင့် မဟာမိတ်ဆက်ဆံရေးဌာနကြီး
ကျောင်းသားတပ်ဦး/ကျောင်းသားလက်ရုံးတပ်တော်။
**ဆက်သွယ်ရန်** - Email: publicandalliancesaffair@gmail.com
Telegram: @aung1andaw

အောင်လံတော်စာစောင်နှင့်သက်ဆိုင်သည့်ကိစ္စရပ်များအတွက်ဖြစ်စေ၊
စာမူများ ပေးပို့လျှင်ဖြစ်စေ အောက်ပါလိပ်စာသို့ ဆက်သွယ်နိုင်ပါသည် -
Email: publicandalliancesaffair@gmail.com
Telegram: @aung1andaw

## ကဗျာကဏ္ဍ

# တူတူး တူတူး တုတူ တုတူ

ငါတို့ ငယ်ငယ်က ဆော့ဖူးပါတယ်။
အလံကိုင်ပြီး လမ်းလျှောက်လာတဲ့ Zombie အုပ်ကြီးကို
အသေပစ်သတ်မဲ့အပင်တွေ စိုက်ရတာလေ။
အောက်ခြေလူတန်းစား၊ အလုပ်သမား၊ အနုပညာရှင်၊
အားကစားသမား၊ လူကြီး၊ ကလေး၊ ယောက်ျား၊ မိန်းမ အကုန်
တညီတညွတ်တည်းပါတဲ့ Zombie အုပ်ကြီးကို
ရှေ့ဆက်မတိုးနိုင်အောင် အတားအဆီးတွေ များနိုင်သမျှများ၊
မြင့်နိုင်သမျှ မြင့်အောင်လုပ်ပြီး
အဲ့ဒီ အကာအကွယ်တွေ နောက်မှာမှ ချီတက်လာတဲ့ Zombie အုပ်ကြီးကို
တစ်ယောက်မကျန် ပစ်သတ်မဲ့၊ သတ်ရခက်ရင် အစိမ်းလိုက်ဝါးစားမဲ့
ရေထဲဆွဲနစ်မယ့်အပင်တွေ စိုက်ရတာလေ။
ရရာလက်နက် စွဲကိုင်လာတဲ့ Zombie တွေဆိုရင်လည်း
လက်ထဲမှာ ဘာမှမကျန်အောင်လုပ်ပြီး
နေ့ခင်းကြောင်တောင်ရော၊ မြူတွေဆိုင်းနေတဲ့ ညဖက်တွေမှာပါ
ရိုးရိုးတစ်ချက်ချင်းပစ်တဲ့ အပင်တွေအပြင်
လိုအပ်ရင် နှစ်ချက်၊ ပိုလိုအပ်ရင် ဆက်တိုက်ပစ်တဲ့ အပင်တွေရော၊
ရှေ့တစ်ချက်ဆို နောက်နှစ်ချက်ပစ်တဲ့ အပင်တွေရော၊
ဘက်ပေါင်းစုံပစ်တဲ့ အပင်တွေရော၊
လိုအပ်ရင် လိုအပ်သလို အုပ်စုလိုက်၊
အတန်းလိုက် ပြာကျတဲ့အထိ ဖောက်ခွဲ၊
မီးရှို့လို့ရတဲ့ အပင်တွေရောကို
သင်္ချိုင်းအုတ်ဂူတွေပါ ဖျက်ဆီးပြီး ငါတို့စိုက်ရတာလေ။ ။



မြတ်ကျော်

## ကဗျာကဏ္ဍ

# ၁၉၈၈



ခေါင်းဖြတ်ကြတဲ့နှစ်
စိတ်နဲ့တောင် မပြစ်မှားနဲ့ဆိုတဲ့နှစ်
ပိုင်ရှင်မဲ့အလောင်းများလို
ပိုင်ရှင်မဲ့ မိန်ခွန်းစာရွက်တွေ ဖတ်ခဲ့ရတဲ့နှစ်

လွတ်လပ်ရေးကျောက်တိုင်ကို လုံခြုံရေးချထား
ဘုရားစင်ပေါ် ဂျင်ကလီ ဖွက်ထား
ထမင်းဝအောင် စားထား

"ဆန်တစ်ပြည်ဆယ်ပြား
ဘယ်သူသေမှစား" ဆိုလား

ငါတို့ငယ်ငယ်
မင်းလည်း အသက်မပြည့်ပဲ သေရတယ်
ငါလည်း အသက်မပြည့်ပဲ ငှက်ကြီးတောင်ဓားကို
မြင်ဖူးခဲ့တယ်။ ။

**ကြည်ဇော်အေး**
(ဖန်ပြွန်သန္ဓေသား ကဗျာများမှ)

ကမ္ဘာ့ ကမ္ဘာ့အရေး

# ထိုင်း-ကမ္ဘောဒီးယား အပစ်အခတ်ရပ်စဲရေး နှင့် စုပါပါဝါများ

ထိုင်းနှင့်ကမ္ဘောဒီးယား နိုင်ငံတို့သည် ယခုနှစ် ဇူလိုင်လ(၂၄)ရက်နေ့က စစ်ပွဲစတင်ခဲ့ပြီး၊ ဇူလိုင်လ(၂၈)ရက်နေ့ တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိခဲ့ကြသည်။

မလေးရှားဝန်ကြီးချုပ် အန်ဝါး အီဘရာဟင် ၏ ကမကထပြု ဆောင်ရွက်ပေးမှုဖြင့် ထိုင်းဝန်ကြီးချုပ် သွန်သမ်ဝီချာချိုင်း နှင့် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်တို့က ခြွင်းချက်မရှိ အပစ်အခတ်ရပ်စဲရေး သဘောတူညီကြောင်း ပူးတွဲကြေညာချက်တရပ်ကို မလေးရှားနိုင်ငံ၌ ဇူလိုင် လ(၂၈)ရက်၊ တနင်္လာနေ့တွင် ထုတ်ပြန် ကြေညာခဲ့သည်။

လေ့လာသူများက ထိုအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တရပ် ရယူနိုင်မှုနှင့်ပတ်သက်၍ မလေးရှား ဝန်ကြီးချုပ် နှင့် အာဆီယံနိုင်ငံများအသင်းကြီး၏အောင်မြင်မှုအဖြစ် ချီးကျူးပြောဆိုကြသည်။

အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲအပြီး သတင်းစာရှင်းလင်းပွဲပြုလုပ်ရာတွင်မှ မလေးရှား၊ ထိုင်းနှင့် ကမ္ဘောဒီးယားဝန်ကြီးချုပ်သုံးဦးစလုံးက အမေရိကန်နိုင်ငံ နှင့် တရုတ်နိုင်ငံကို အကြိမ်ကြိမ် ရည်ညွှန်း ပြောဆိုခဲ့ကြသည်။ အဓိကအားဖြင့် ယခုဆွေးနွေးပွဲတွင် တရုတ်နိုင်ငံ၏တက်တက် ကြွကြွပါဝင်ဆောင်ရွက်ပေးမှု နှင့် အမေရိကန်နိုင်ငံ၏ မလေးရှားနိုင်ငံနှင့် ပူးတွဲစီစဉ်ဆောင်ရွက်ပေးမှုတို့ကို ထုတ်ဖော်ညွှန်းဆိုခဲ့ကြသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က တနင်္လာနေ့တွင်ပင် လူမှုကွန်ယက်မီဒီယာပေါ်၌ သူ့ကိုယ်သူ "ငြိမ်းချမ်းရေးသမ္မတ" ဟု ဖော်ပြခဲ့သလို၊ ဗုဒ္ဓဟူးနေ့တွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ထိုင်းနှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံကိုယ်စားလှယ်တို့သည် ရှန်ဟိုင်းတွင် အလွတ်သဘောတွေ့ဆုံဆွေးနွေးရန် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အာဆီယံသည် ဆွေးနွေးပွဲများကို အိမ်ရှင်အဖြစ် ပြုလုပ်ဆောင်ရွက်ပေးခဲ့သည်မှာ မှန်သော်လည်း ဝါရှင်တန် နှင့် ဘေဂျင်းတို့၏ပါဝင်ပတ်သက်မှုသည် ကြီးကြီးမားမားရှိနေကြောင်းနှင့် ပြင်ပမှဖိအားများသက်ရောက်နေသည့် အခြေအနေဖြင့် ယခုအနေအထားမျိုး ပုံပေါ်လာခဲ့ခြင်း ဖြစ်ကြောင်းကို စင်ကာပူနိုင်ငံ သံအမတ်ကြီးဟောင်းလည်းဖြစ်၊ လက်ရှိ သံအမတ်ကြီးတစ်ဦးဖြစ်သည့် ဝါရှင့် မလေးရှား သံတမန် အီလန်ဂို ကာရူပန်နန် က Channel News Asia-CNA သတင်းဌာနကို ပြောကြားခဲ့သည်။

တရုတ် နှင့် အမေရိကန်တို့သည် ထိုင်း-ကမ္ဘောဒီးယား နှစ်နိုင်ငံအရေးတွင် ဝင်ရောက်ပါဝင်ပတ်သက်နေသည်မှာ တူညီကြသော်လည်း ချဉ်းကပ်ပုံမှာ လုံးဝ မတူညီကြပါ။

အမေရိကန်သည် သူ့ဩဇာလွှမ်းမိုးနိုင်ရေးအတွက် အခွန်ကိစ္စကို အသုံးချကာ၊ ဆုပေး-ဒဏ်ပေးဗျူဟာကို အသုံးပြုသည်။ တဘက်တွင် တရုတ်က ၎င်းတို့အကျိုးစီးပွားနှင့် ဒေသတွင်းတည်ငြိမ်လုံခြုံရေးအတွက် ငြင်ငြင်သာသာ ချဉ်းကပ်ဆောင်ရွက်သည့်နည်းကို ကျင့်သုံးသည်။

လေ့လာသုံးသပ်သူများက တရုတ်၊ အမေရိကန် စူပါပါဝါနိုင်ငံကြီးနှစ်နိုင်ငံသည် ထိုင်း-ကမ္ဘောဒီးယား အကြပ်အတည်းကို ကျော်လွှားနိုင်အောင် ကူညီပေးခြင်းဖြင့် ဂုဏ်သိက္ခာ ရနိုင်ကြောင်း သိမြင်ကြသည်။ သို့သော် စူပါပါဝါနှစ်ခုကြားတွင် ကြာမြင့်စွာတည်ရှိလာခဲ့သည့် မတူကွဲပြားသော အမြင်အများအရ၊ ဝါရှင်တန်သည် အလုပ်ဖြစ်ရေးကို တွန်းတွန်းတိုက်တိုက် လုပ်တတ်ပြီး၊ ဘေဂျင်းသည် ရေရှည်တည်တံ့ရေးကို သတိထားဆောင်ရွက်တတ်သည့်သဘော ရှိကြသည်။ စူပါပါဝါနိုင်ငံကြီးနှစ်နိုင်ငံစလုံးသည် မဲခေါင်မြစ်ဝှမ်းတလျှောက် ကာလကြာရှည်စွာ မတည်မငြိမ် ဖြစ်နေခြင်းသည် အထောက်အပံ့ဆက်သွယ်ရေးကိစ္စများကို အနှောင့်အယှက်ဖြစ်စေကြောင်း၊ အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြုပ်နှံမှုများကို ခြိမ်းခြောက်မှုဖြစ်စေနိုင်ကြောင်း၊ အရှေ့တောင်အာရှတကြောလုံးတွင် နိုင်ငံရေး မငြိမ်မသက်မှု ကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာစေနိုင်ကြောင်း နှင့်၊ ထိုအခြေအနေများသည် ၎င်းတို့ စူပါပါဝါ နှစ်နိုင်ငံစလုံးအတွက် အကျိုးမရှိနိုင်ကြောင်းတို့ကိုလည်း သိကြသည်။

စူပါပါဝါ နှစ်နိုင်ငံစလုံး၏ ချဉ်းကပ်ပုံသံတမန်ရေးအကြောင်းမှာ အပစ်အခတ်ရပ်စဲရေးကို ဆုပ်ကိုင်ထားနိုင်မလား၊ အပစ်အခတ်ရပ်စဲရေး စတင်ပျက်ပြားသည်နှင့် စူပါပါဝါ နှစ်နိုင်ငံစလုံးက မည်သို့ တုံ့ပြန်မည်လဲဆိုသည့်အပေါ်တွင် မူတည်နေပါသည်။

"စူပါပါဝါ နိုင်ငံကြီးနှစ်နိုင်ငံစလုံးသည် အရှေ့တောင်အာရှနိုင်ငံများ၏ မိတ်ဆွေနိုင်ငံများ ဖြစ်ကြပါတယ်၊ ဒီမှာ ရှိနေကြတဲ့နိုင်ငံတွေအားလုံးဟာ ကုန်သွယ်ရေးနဲ့ လုံခြုံရေးကိစ္စ နှစ်ရပ်အပေါ်မှာ မှီခိုနေကြပါတယ်။ စူပါပါဝါနိုင်ငံကြီးတွေဟာ ဒီကိစ္စမှာ အဓိကအခန်းက ပါဝင်ကြဖို့ရှိပါတယ်။" ဟု ဝါရှင့် မလေးရှား သံတမန် အီလန်ဂိုကာရူပန်နန် က ပြောပါသည်။

**ကိုမောင်ချေ**

ကိုးကား - Lee Gim Siong, journalist at CNA, 30 July 2025.

---

**စစ်နဲ့နိုင်ငံရေး**

"စစ်ဆိုတာ နိုင်ငံရေးရဲ့အဆက်ဖြစ်တယ်။" ဒီအဓိပ္ပါယ်အရဆိုရင် စစ်ဆိုတာ နိုင်ငံရေးပဲဖြစ်တယ်။ စစ်ဆိုတာကိုက နိုင်ငံရေးသဘောပါတဲ့အပြုအမူဖြစ်တယ်။ ရှေးခတ်ကစပြီး နိုင်ငံရေးသဘောမပါတဲ့စစ်ရယ်လို့ မရှိခဲ့ဘူး။

**မော်စီတုန်း**

တရုတ်ပြည်တော်လှန်ရေးခေါင်းဆောင်

ကမ္ဘာ့ မြန်မာ့အရေး

# စစ်တပ် ခြေရှုပ်သမျှနဲ့ ဗျာပွေစရာ မြန်မာ့သပွတ်အူ

နေပြည်တော်မှာ ဇူလိုင်လ ၃၁ ရက်နေ့ကပြုလုပ်ခဲ့တဲ့ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေးအပြီးမှာ နိုင်ငံတော်လုံခြုံရေးနဲ့ အေးချမ်းသာယာရေးကော်မရှင်ကို စတင်ဖွဲ့စည်းလိုက်ပြီး ဥက္ကဋ္ဌအဖြစ် အာဏာသိမ်းစစ်ခေါင်းဆောင် မင်းအောင်လှိုင်က တာဝန်ယူဆောင်ရွက်မယ်လို့ သိရပါတယ်။ ဒီကာလုံအစည်းအဝေးအပြီးမှာတော့ ၂၀၂၁ အာဏာသိမ်းချိန်ကစတင်ဖွဲ့စည်းခဲ့တဲ့ စစ်ကောင်စီရဲ့အခန်းကဏ္ဍပြီးဆုံးသွားပြီး ရှေ့လျှောက်မှာတော့ အသစ်ဖွဲ့စည်းလိုက်တဲ့ ကော်မရှင်ရဲ့ခြေလှမ်းတွေကိုသာ ဆက်လက်စောင့်ကြည့်သွားရဖို့ရှိပါတယ်။ ဒီအပြောင်းအလဲမတိုင်ခင် တစ်ရက်အလို ဇူလိုင်လ ၃၀ ရက်နေ့မှာ ပြုလုပ်ခဲ့တဲ့ စစ်ကောင်စီ ဂုဏ်ပြုတွေ့ဆုံပွဲ အခမ်းအနားမှာဆိုရင်လည်း ၂၀၂၁ ခုနှစ်ကနေ စတင်ခဲ့တဲ့ အာဏာသိမ်း ၄ နှစ်ခွဲကာလကို ပထမစာမျက်နှာလို့ စစ်ခေါင်းဆောင် မင်းအောင်လှိုင်က သုံးနှုန်းခဲ့ပြီး ဒုတိယစာမျက်နှာအစကို ဆက်သွားမယ်လို့ ပြောကြားခဲ့တာမျိုး ရှိပါတယ်။ ဒီတော့ ဒုတိယစာမျက်နှာဆိုတာဟာ အပြောင်းအလဲကြီးတခု အထူးသဖြင့် ရွေးကောက်ပွဲနဲ့ ရွေးကောက်ပွဲအလွန်ကာလကို အကြမ်းဖျင်းရည်ညွှန်းတယ်လို့ နားလည်လို့ရမယ်ထင်ပါတယ်။

ဒီနေရာမှာ ရွေးကောက်ပွဲအကြောင်းကို ဆက်မပြောခင် အခြားနားလည်ထားရမယ့် အခြေအနေအရပ်ရပ်ကို ဦးစွာဖော်ပြလိုပါတယ်။ ပထမဆုံး ဇာတ်ကောင်ကတော့ လက်ရှိနိုင်ငံရေးနဲ့ သံတမန်ရေးဇာတ်ခုံမှာ အခရာအကျဆုံးဖြစ်နေတဲ့ တရုတ်နိုင်ငံရဲ့ ပါဝင်စွက်ဖက်မှုအကြောင်းပါ။ မြန်မာ့အရေးအပေါ် အနောက်နိုင်ငံတွေရဲ့ စိတ်ဝင်စားခြင်းအားနည်းမှု၊ အမေရိကန်ရဲ့ နိုင်ငံခြားရေးမူဝါဒ အပြောင်းအလဲအပြင် အာဆီယံနဲ့ အာဆီယံမူငါးချက်ရဲ့ အကန့်အသတ်တွေကြားမှာပဲ တရုတ်ဟာ စစ်အုပ်စုရဲ့ သံတမန်လမ်းကြောင်းမှာ အသက်ရှူပေါက်တွေ ဖွင့်ပေးလျက်ရှိပါတယ်။ စစ်တပ်အာဏာသိမ်းစအချိန်တုန်းကတော့ တရုတ်ဟာ မင်းအောင်လှိုင်ဦးဆောင်တဲ့ စစ်ကောင်စီအပေါ် ခပ်တန်းတန်းသာ ဆက်ဆံခဲ့ပြီး စစ်တပ်ကိုအကြီးမားဆုံးထိုးနက်နိုင်ခဲ့တဲ့ ၁၀၂၇ စစ်ဆင်ရေး (ပထမပိုင်း)မှာဆိုရင်လည်း မြောက်ပိုင်းမဟာမိတ် ၃ ဖွဲ့ကို နောက်ကွယ်ကနေ စစ်ရေးအရ အကူအညီပေးတာမျိုးထိ တရုတ်က ပြုလုပ်ခဲ့ပါတယ်။

ဒါပေမယ့် ရှမ်းပြည်မြောက်ပိုင်းရဲ့ အကြီးဆုံးမြို့ဖြစ်တဲ့ လားရှိုးမြို့ကို ကိုးကန့်တပ်မတော် (MNDAA)က သိမ်းပိုက်ပြီးနောက်မှာတော့ ဇာတ်အလှည့်အပြောင်းက စတင်လာပါတယ်။ ဒီအချိန်မှာတော့ တရုတ်ဟာ မြန်မာပြည်အရေးကို ယခင်ကထက် ပိုမိုပါဝင်စွက်ဖက်နိုင်ဖို့ လုပ်လာပါတယ်။ ဒီအတိုင်းသာဆက်ထားထားမယ်ဆိုရင် လာမယ့်လတွေအတွင်း မြန်မာစစ်တပ်ရဲ့ ဖရိုဖရဲပြိုလဲမှုနဲ့အတူ တိုင်းပြည်က အစိတ်စိတ်အမြွှာမြွှာဖြစ်သွားမှာကိုလည်း ဘေဂျင်းက စိုးရိမ်ပုံရပါတယ်။ ဒါကြောင့်ပဲ

၂၀၂၄ ခုနှစ် ဩဂုတ်လမှာ နိုင်ငံခြားရေးဝန်ကြီး ဝမ်ရိကို နေပြည်တော်ကိုစေလွှတ်ပြီး မင်းအောင်လှိုင်နဲ့တွေ့ဆုံစေခဲ့သလို အဲ့ဒီနှစ် နိုဝင်ဘာလမှာပဲ ကူမင်းမြို့မှာကျင်းပတဲ့ မဟာမဲခေါင်ဒေသနိုင်ငံများ အစည်းအဝေးကို တက်ရောက်ဖို့ မင်းအောင်လှိုင်ကို ဖိတ်ကြားခဲ့တာမျိုးလည်း ရှိပါတယ်။ ဒါ့အပြင် ၂၀၂၄ ခုနှစ် ဩဂုတ်လမှာပဲ တရုတ်နိုင်ငံကနေ ဂျက်ဖိုက်တာ ၆ စီးနဲ့ အခြားစစ်အသုံးအဆောင်ပစ္စည်းတွေကို မြန်မာစစ်တပ်ဆီ အကူအညီပေးခဲ့ပါသေးတယ်။ တရုတ်ဟာ တဖက်မှာ မိတ်ဆွေသစ်ကို ကြွေးသစ်ချနေသလို မိတ်ဆွေဟောင်းတွေကိုလည်း ကြွေးဟောင်းပြန်ဆပ်ဖို့ တွန်းအားပေးနေပါတယ်။ ရှမ်းမြောက်က လူမျိုးစုလက်နက်ကိုင်အဖွဲ့တွေအပေါ် ဩဇာလွှမ်းမိုးထားနိုင်တဲ့ တရုတ်အစိုးရဟာ ပိုမိုပြင်းထန်တဲ့ဖိအားကို အသုံးပြုပြီး ဒီအဖွဲ့တွေနဲ့ စစ်တပ်ကြား အပစ်အခတ်ရပ်ဆဲရေး သဘောတူညီချက်ရအောင် အဆက်မပြတ် ဇယ်ဆက်သလို ကြိုးပမ်းလျက်ရှိနေခဲ့ပါတယ်။

ဒီလို တရုတ်ရဲ့ ကြားဝင်စွက်ဖက်မှုတွေထဲ အမြင်သာဆုံးနဲ့ အထိရောက်ဆုံးကတော့ ၂၀၂၅ ခုနှစ် ဧပြီလမှာ ကိုးကန့်တပ်ကနေ လားရှိုးမြို့ကို စစ်အုပ်စုဆီ လွှဲပြောင်းပေးလိုက်ရတဲ့ဖြစ်စဉ်ပါ။ လားရှိုးမြို့ဟာ ကိုးကန့်တပ်ရဲ့ စစ်ဆင်ရေးတွေထဲမှာမှ သမိုင်းဝင်အောင်ပွဲတခုလည်းဖြစ်သလို အရှေ့မြောက်တိုင်းစစ်ဌာနချုပ်လို နာမည်ကျော် စစ်ဌာနချုပ်ကိုပါ သိမ်းပိုက်နိုင်ခဲ့တဲ့အထိ သူတိုရဲ့အရည်အသွေးနဲ့ စွမ်းအားကို ပြသနိုင်ခဲ့ကြပါတယ်။ ဒီလိုမျိုး အောင်ပွဲတွေရယူနိုင်ဖို့အတွက်ကိုလည်း ရုပ်ဝတ္ထုပစ္စည်းအများအပြားနဲ့ လူ့စွမ်းအားအရင်းအမြစ် တော်တော်များများကိုပဲ ကိုးကန့်တပ်နဲ့ မဟာမိတ်တပ်တွေဟာ အရင်းအနှီးပြုခဲ့ကြရပါတယ်။ ဒါကြောင့်ပဲ လားရှိုးကိုပြန်ပေးဖို့ကို ကိုးကန့်ဘက်က လက်တွန့်နေခဲ့ပေမယ့် နောက်ဆုံးမှာတော့ တရုတ်ရဲ့ဩဇာနဲ့ ဖိအားကို ကျော်လွှန်နိုင်ခြင်း မရှိခဲ့ပါဘူး။ စစ်တပ်အတွက်တော့ လားရှိုးမှာ ပြန်အခြေချခွင့်ရခဲ့တယ်ဆိုပေမယ့်လို့ သူတိုရဲ့ စစ်ရေးဆိုင်ရာပျော့ကွက်နဲ့ ရက်ဖွယ်လိလိ စစ်ရှုံးမှုတွေကို မကွယ်မဝှက်နိုင်အောင် ဖော်ပြခဲ့ရသလို တရုတ်အစိုးရရဲ့ လွှမ်းမိုးမှုအပေါ် ဘယ်လောက်ထိမှီခိုနေရသလဲဆိုတာကိုပါ လူထုနဲ့ နိုင်ငံတကာက မြင်တွေ့ခဲ့ကြရပါတယ်။ နောက်ထပ် တရုတ်အစိုးရရဲ့ကြားဝင်စွက်ဖက်မှုတွေကို ပိုမိုထဲထဲဝင်ဝင်ရှိလာစေတဲ့အချက်ကတော့ မြန်မာ-တရုတ် ကုန်သွယ်ရေးလမ်းကြောင်း ပြန်ဖွင့်နိုင်ရေးရည်မှန်းချက်ကြောင့်ပါပဲ။ ဒီကုန်သွယ်ရေးလမ်းကြောင်းဟာ မန္တလေး-လားရှိုး-မူဆယ် အဝေးပြေးလမ်းမပေါ်မှာတည်ရှိနေပြီး မြန်မာ့စီးပွားရေးအပြင် အိမ်နီးချင်းတရုတ်နိုင်ငံရဲ့ စီးပွားရေးအတွက်ပါ တန်းတူရည်တူ အရေးပါတဲ့ လမ်းကြောင်းဖြစ်ပါတယ်။ ဒီလမ်းကြောင်းရဲ့ အစိတ်အပိုင်းအနည်းငယ်မှာပဲ စစ်တပ်ကစိုးမိုးထိန်းချုပ်ထားနိုင်ပြီး ကျန်လမ်းပိုင်းနေရာတွေအားလုံးကိုတော့ ကိုးကန့်တပ်(MNDAA)၊ တအာင်းတပ်(TNLA)၊ ကချင်တပ်(KIA)နဲ့ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ရဲ့တပ်တွေကပဲ ထိန်းချုပ်ထားတာပါ။ ဒီထဲမှာမှ စစ်တပ်ဟာ ကိုးကန့်တပ်နဲ့သာ အပစ်အခတ်ရပ်ဆဲရေး ညှိနိုင်းထားနိုင်ပြီး ကျန်အဖွဲ့တွေအပေါ်မှာတော့ တရုတ်ရဲ့အရှိန်အဝါကလည်း လွှမ်းမိုးနိုင်မှု နည်းပါးတာမို့ စစ်တပ်နဲ့အပစ်အခတ်ရပ်ဆဲနိုင်ဖို့အရေးကတော့ ရွှေပြည်တော်မျှော်တိုင်းဝေးဆဲ ဖြစ်နေပါတယ်။ ဒါကိုလည်း ဘေဂျင်းဟာ သူတိုရဲ့ မဟာစိန်ခေါ်

မှုကြီးတရပ်အဖြစ် ရင်ဆိုင်နေရပါတယ်။ ဒါကို အမြင်သာဆုံးကတော့ ၂၀၂၅ ခုနှစ် ဧပြီလနောင်းပိုင်းမှာ တရုတ်ရဲ့ ကမကထပြုမှုနဲ့အတူ ကျင်းပခဲ့တဲ့ တအာင်းတပ်နဲ့ စစ်တပ်ကြားကဆွေးနွေးမှုမှာ ဘာသဘောတူညီမှု တစုံတရာမှ မရရှိခဲ့တာပါပဲ။ ဒါ့အပြင် ဘေဂျင်းဟာ ပိုးလမ်းမစီမံကိန်း(BRI)ရဲ့ အရေးပါတဲ့ အစိတ်အပိုင်းတခုဖြစ်တဲ့ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ အစီအမံကို ပြန်လည်စတင်နိုင်ဖို့ စိတ်ဆန္ဒပြင်းပြနေသလို ဒီစင်္ကြံစီမံကိန်း ဖြတ်သန်းရာလမ်းကြောင်းပေါ်က နယ်မြေတွေရဲ့ မတည်ငြိမ်မှုနဲ့ စိုးရိမ်စရာ လုံခြုံရေးအခြေအနေတွေကလည်း ဘေဂျင်းအပေါ် ပိုခေါင်းခဲစေပါတယ်။

နောက်တခု မြန်မာစစ်တပ်ကို အသက်ရှူချောင်စေတာကတော့ အမေရိကန်ရဲ့ အစိုးရအပြောင်းအလဲပါ။ ထရမ့်အစိုးရဟာ မြန်မာ့အရေးအပေါ်မှာ ယခင်ဘိုင်ဒင်အစိုးရလောက် စိတ်ပါဝင်စားခြင်းမရှိသလို ထရမ့်အစိုးရရဲ့ အမေရိကန်နိုင်ငံတကာ ဖွံ့ဖြိုးရေးအေဂျင်စီ (USAID) ကိုဆိုင်းငံ့လိုက်တာလို့ ဒီမိုကရေစီလှုပ်ရှားမှုတွေကို ဆိတ်သုဉ်းဖို့ ထောက်ခံအားပေးတာလို ကိစ္စရပ်တွေဟာ နေပြည်တော်အစိုးရအတွက်တော့ ကြိတ်ပုန်းဝမ်းသာစရာတွေပဲ ဖြစ်ပါတယ်။ အမေရိကန်က သူတို့ကို မဆန့်ကျင်နိုင်တော့ဘူး၊ နောက်ပြီး အိမ်နီးချင်းတိုင်းပြည်တွေနဲ့ ဆက်ဆံရေးကို ဟန့်တားတော့မှာမဟုတ်ဘူးဆိုတဲ့အသိဟာ စစ်အုပ်စုအတွက်တော့ ကြောင်မရှိ ကြွက်ထ အခြေအနေကိုဆိုက်စေခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် NUG နဲ့ တော်လှန်ရေးအင်အားစုတွေရဲ့ အမှီသဟဲလိုဖြစ်နေခဲ့တဲ့ အမေရိကန်တံတိုင်းကြီး ပြိုကျသွားမှုဟာလည်း ဘဏ္ဍာငွေဖြတ်တောက်ခံရမှု၊ အတွေးအခေါ်ပိုင်းဆိုင်ရာ အထောက်အပံ့ဆုံးရှုံးမှုတွေနဲ့အတူပဲဒီမိုကရေစီအရေးလှုပ်ရှားသူတွေအပေါ် ထိုးနက်မှုကြီးမားခဲ့ပါတယ်။ ဒီလိုမျိုး သံတမန်ရေးရာအခြေအနေတွေနဲ့ ပထဝီဝင်နိုင်ငံရေးအရ အခင်းအကျင်းတွေကလည်း မင်းအောင်လှိုင်ကို ရွေးကောက်ပွဲအမြန်ကျင်းပနိုင်ရေးအတွက် ရဲဆေးတင်ပေးနေသလို ဖြစ်နေပါတယ်။

စစ်အုပ်စုဟာ လူထုရဲ့အကျိုးစီးပွားထက်ကို ရွေးကောက်ပွဲကျင်းပနိုင်ရေးနဲ့ စစ်နိုင်ရေးကိုသာ ပိုမိုအလေးထားကြောင်းကိုတော့ ၂၀၂၅ မတ်လမှာလှုပ်ခတ်ခဲ့တဲ့ စစ်ကိုင်း၊ မန္တလေးငလျင်ရဲ့ နောက်ဆက်တွဲကိစ္စရပ်တွေက သိသာစေပါတယ်။ ငလျင်ကြောင့် အခြေအနေတွေဟာ ပိုဆိုးရွားလာခဲ့ပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီလိုနေသူ အရေအတွက်ကတိုးလာခဲ့သလို ပေးအပ်နိုင်တဲ့ အကူအညီတွေဟာလည်း တဖက်မှာ လျော့ပါးလာခဲ့ပါတယ်။ ဒီလိုမျိုး ငလျင်ဒဏ်ခံဒေသတွေအပေါ်မှာ ကူညီထောက်ပံ့မှုတွေ အကန့်အသတ် ဖြစ်နေခဲ့ချိန်မှာတောင်မှ တရုတ်နဲ့ အိန္ဒိယကလာတဲ့ အလှူရှင်တွေရဲ့ရက်ရက်ရောရော ပေးကမ်းမှုတွေဟာ စစ်တပ်ရဲ့ အာဏာဗဟိုချက်ဖြစ်တဲ့ နေပြည်တော် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာသာ သွားရောက်စုပုံနေခဲ့ပါတယ်။ နောက်ပြီး ငလျင်နောက်ဆက်တွဲမှာပေါ်လာခဲ့တဲ့ NUG၊ မြောက်ပိုင်းမဟာမိတ်သုံးဖွဲ့နဲ့ အခြားတော်လှန်ရေးအင်အားစုတွေရဲ့ ယာယီအပစ်အခတ်ရပ်ဆဲရေး ကြေညာချက်တွေကလည်း စစ်တပ်အကြိုက်ဖြစ်စေခဲ့ပါတယ်။

ဒီကြေညာချက်တွေဟာ ယာယီအပစ်အခတ်များကိုသာမကဘဲ ရေရှည်ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေထိ တက်လှမ်းနိုင်ဖို့အထိကို လှေလာစောင့်ကြည့်သူအချို့က မျှော်လင့်ခဲ့ကြပေမယ့်

လည်း တကယ့်တကယ်တမ်းမှာတော့ အပေါ်ယံကြေညာချက်တွေဟာ မြေပြင်မှာ ဆက်လက်ဖြစ်ပွားနေခဲ့တဲ့ တိုက်ပွဲတွေကြားမှာပဲ လမ်းဆုံးခဲ့ရပါတယ်။ ဒီတိုက်ပွဲတွေထဲမှာဆိုရင် စစ်ကိုင်းတိုင်းမြောက်ပိုင်းက အင်းတော်မြို့ကို KIO နဲ့ မဟာမိတ်တပ်တွေ သိမ်းယူနိုင်ခဲ့တာလိုမျိုး လျှော့ပေါ့သင့်ဒေသတွေမှာဖြစ်တဲ့ တိုက်ပွဲတွေပါ ပါဝင်ပါတယ်။ စစ်တပ်ကိုယ်တိုင်ဟာလည်း ဒီယာယီအပစ်အခတ်ရပ်ဆဲရေးအပေါ် နံကြားတောင်မညှပ်ခဲ့ပါဘူး။ ကမ်းအကုန်ဆုံးကိစ္စကတော့ မေလ ၁၂ ရက်နေ့မှာ စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့က NUG အစိုးရ စာသင်ကျောင်းကို စစ်တပ်က ဗုံးကြဲပြီး အနည်းဆုံး ကျောင်းသား အယောက် ၂၀ နဲ့ စေတနာ့ဝန်ထမ်း ဆရာမ ၂ ဦးကို သေကျေစေခဲ့တဲ့ဖြစ်စဉ်ပဲ ဖြစ်ပါတယ်။ ဒါတွေကိုကြည့်ရင် လျှော့အလွန် ယာယီအပစ်အခတ်ရပ်ဆဲရေးဆိုတာဟာ တကယ်လက်တွေ့မြေပြင်အခြေအနေမှာ ဖြစ်တန်ချေနည်းခဲ့ပြီး ပြည်သူ့ဆက်ဆံရေးနည်းနာအတွက်သာအသုံးပြုခဲ့ကြတာမျိုး ဖြစ်ပါတယ်။

နောက်ထပ် မြန်မာစစ်တပ်ရဲ့ စစ်မြေပြင်ဆုံးရှုံးမှုတွေကို ပြန်အဖတ်ဆယ်နိုင်ရေးအတွက်လည်း မင်းအောင်လှိုင်တို့ဟာ ရွေးကောက်ပွဲကျင်းပနိုင်ရေးကို အရာအားလုံးထက် စိုင်းပြင်းလုပ်ဆောင်နေတယ်လို့ ယူဆနိုင်ပါတယ်။ တနည်းအားဖြင့် စစ်ရေးအရ ပျော့ကွက်ကို နိုင်ငံရေးနည်းလမ်းအရ ဖာထေးကြည့်ဖို့ ကြိုးစားမယ့်သဘောဖြစ်ပါတယ်။ ပထမဆုံး ရွေးကောက်ပွဲနည်းလမ်းအရ အရပ်သားအမည်ခံအစိုးရသာ တက်လာနိုင်ခဲ့မယ်ဆိုရင် ဒီလမ်းကြောင်းကနေ အပစ်အခတ်ရပ်ဆဲရေးအတွက် ပိုကောင်းတဲ့ အနေအထားတရပ်ကို ခြေကုတ်ယူထားနိုင်မှာဖြစ်ပါတယ်။ ဒီအနေအထားမှတဆင့် စစ်မျက်နှာတွေကို လျှော့ချတာ၊ ရန်သူကို အင်အားချိန့်လာအောင်လုပ်တာတွေအပေါ် ပိုအာရုံစိုက်ပြီး စစ်ရေးအရ အသာစီးယူဖို့လမ်းကြောင်းပေါ်ကိုပါ တက်ဖို့ကြိုးစားနေတာဖြစ်နိုင်ပါတယ်။

သို့ပေမယ့်လို့ ဘယ်လောက်ပဲ တရုတ်ရဲ့ကျားကန်ပေးမှုကြောင့် စစ်တပ်ကအသက်ရှူချောင်တယ်ပြောပြော စစ်တပ်ရဲ့တိုက်စွမ်းရည်ကို မြှင့်နိုင်ပါ့မလားဆိုတဲ့အပေါ်မှာတော့ မေးခွန်းထုတ်စရာများစွာရှိနေပါတယ်။ ပိုအင်အားကြီးထွားလာတဲ့ လူမျိုးစုတပ်ကြီးတွေနဲ့ တော်လှန်ရေးတပ်တွေကြောင့်လည်း စစ်တပ်ဟာ နိုင်ငံတဝှမ်းက အဓိကနေရာတွေကို ထိန်းချုပ်နိုင်ဖို့အတွက် ပိုရုန်းကန်လာရပါတယ်။ ရခိုင်ပြည်မှာဆိုရင် စစ်တပ်ဟာ အာရက္ခတပ်တော်(AA)ကို တန်ပြန်ထိုးစစ်ဆင်နိုင်ခြင်းမရှိတော့သလို မြန်မာပြည်မြောက်ပိုင်း ကချင်ပြည်မှာဆိုရင်လည်း အဓိကအရေးပါတဲ့ ဇရိယာတွေမှာ KIO ရဲ့ဖယ်ရှားမှုကို စစ်တပ်က ခါးစည်းခံနေရပါတယ်။ ရှမ်းမြောက်ဘက်မှာတော့ တအာင်းတပ်ဆီကနေ နောင်ချိုကိုပြန်လည်သိမ်းပိုက်ထားနိုင်ပြီး ပြင်ဦးလွင်-မန္တလေးအထိတက်လာနိုင်တဲ့ TNLA ရဲ့လမ်းကြောင်းကို ပြန်ကာထားနိုင်တာမျိုးရှိပါတယ်။ ဒါဟာလည်း နည်းဗျူဟာအရ အနိုင်ရမှုသာဖြစ်ပြီး နိုင်ငံလုံးဆိုင်ရာစစ်ရင်ပြင်နဲ့ကြည့်ရင်တော့ သေနင်္ဂဗျူဟာအရ အသာစီးရမှုအထိ ဖြစ်ပေါ်လာနိုင်ခြင်း မရှိသေးပါဘူး။

အခုတခေါက် ကြုံတွေ့နေရတဲ့ စစ်ပွဲရဲ့သဏ္ဍာန်ဟာ ဖြစ်တည်မှုဆိုင်ရာ အခြေထုတ်မှုအ

ပေါ်မှာ အခြေခံနေတဲ့အတွက်လည်း စစ်တပ်အနေနဲ့ ဒီတစ်ကြိမ်မှာ စစ်မျက်နှာအရပ်ရပ်ကို သိုင်းခြုံပြီး စစ်မက်ခင်းကျင်းကာ အသာစီးယူတဲ့ပုံစံမျိုးကို မဖန်တီးနိုင်တော့ဘဲ စစ်ရေးအရ သေနင်္ဂဗျူဟာအလှည့်အပြောင်းကိုပါ မစွမ်းဆောင်နိုင်တော့တာဖြစ်ပါတယ်။ ဒီလိုအလှည့်အပြောင်းဖြစ်နိုင်ရေးအတွက် လမ်းစကလည်း သူတိုစီစဉ်ထားတဲ့ရွေးကောက်ပွဲကနေတဆင့်ပေါ်လာတဲ့ အမည်ခံအရပ်သားအစိုးရကနေမှ အပစ်အခတ်ရပ်ဆဲရေး လမ်းကြောင်းပေါ် တွန်းတင်တာနဲ့ နိုင်ငံရေးအရ သံတမန်ချိတ်ဆက်ရေးတွေအတွက် တရားဝင်မှုကို မွေးမြူတာမျိုးသာ ရှိပါတယ်။

ဒီနေရာမှာ မင်းအောင်လှိုင်တိုရဲ့ တရားဝင်မှုကို ဖန်တီးပေးမယ့် ရွေးကောက်ပွဲလမ်းကြောင်းမှာလည်း ထောက်ပြစရာ အဓိကအချက်သုံးခုရှိပါတယ်။ ပထမဆုံးအချက်ကတော့ ရွေးကောက်ပွဲမှာ ကျင့်သုံးမယ့် အချိုးကျကိုယ်စားပြုမှု (PR) စနစ်အရ အထက်လွှတ်တော်အတွင်းမှာ တစ်ပါတီတည်းကသာ လွှမ်းမိုးနိုင်တဲ့အခြေအနေမရှိတော့ဘဲ စစ်တပ်ရဲ့ လွှတ်တော်တွင်း ၂၅ ရာခိုင်နှုန်း နေရာရယူထားမှုကသာ ပိုအားကောင်းလာပြီး လွှတ်တော်မှာ စစ်တပ်ကို ပိုတန်ခိုးထွားလာစေပါတယ်။ နောက်တချက်ကတော့ ပုံမှန်တရက်တည်း ကျင်းပတဲ့ပုံစံမျိုးမဟုတ်ဘဲ နေရာအလိုက်ကို ရက်အလိုက်နဲ့ကျင်းပမယ့်ရွေးကောက်ပွဲပုံစံအရ စစ်ခေါင်းဆောင်တွေဟာ ရွေးကောက်ပွဲတလျှောက် အခြေအနေတွေကို စောင့်ကြည့်နေပြီး ဖြစ်စေချင်တဲ့အတိုင်းဖြစ်မလာတဲ့အခါမှာ မဲသမာမှုတွေ ကျူးလွန်တာမျိုးလုပ်နိုင်ခြေလည်း ရှိနေပါတယ်။ နောက်ဆုံးအနေနဲ့ကတော့ အီလက်ထရောနစ် မဲပေးစနစ်ကြောင့်ပါ။ မြန်မာပြည်မှာ ဒီဇိုင်းဆွဲပြီး အိန္ဒိယမှာထုတ်လုပ်ထားတဲ့ ဒီစက်တွေဟာ ဖြောင့်မတ်မှန်ကန်ဖို အားနည်းတာ၊ စာရင်းအင်းမနိုင်တာနဲ့ လုံခြုံရေးပြဿနာစတဲ့ ချို့ယွင်းချက်တွေရှိနေတဲ့အတွက်လည်း စာရွက်နဲ့မဲပေးတဲ့စနစ်ထက်ကို ပိုမိုထိန်းချုပ်ဖို့ လွယ်ကူနေတာဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ်ပါ စစ်ကောင်စီပဲဆိုဆို ကော်မရှင်ပဲဆိုဆို ရွေးကောက်ပွဲကနေမှပေါ်လာမယ့် အစိုးရသစ်ပဲဆိုဆို ဦးဆောင်သူဟာ မင်းအောင်လှိုင်နဲ့ သူ့အပေါင်းအပါတွေပဲဖြစ်နိုင်ပြီး စစ်အုပ်စုကိုပဲ ဗားရှင်းအမျိုးမျိုးနဲ့ အစိုးရအဖြစ် မြင်တွေ့ရမှာဖြစ်ပါတယ်။ ဒီမှာ ကွာခြားသွားတဲ့အချက်ဆိုလို့ တရားဝင်မှုနဲ့ သံတမန်နည်းအရ ဆက်ဆံရေးတွေပဲဖြစ်နိုင်ပါတယ်။

ယခင်က စစ်ကောင်စီဟာ လူထုထောက်ခံမှုလည်း နည်းပါးသလို တရားဝင်မှုလည်း မရှိပါဘူး။ ဒါပေမယ့် အနာဂတ်မှာတော့ သူတို့လိုသလို ကြိုးကိုင်နိုင်တဲ့ ရွေးကောက်ပွဲလမ်းကြောင်းကနေပဲ တရားဝင်မှုကို ဝယ်ယူဖို့ရှိနေပါတယ်။ ဝယ်ယူထားတဲ့တရားဝင်မှုကနေပဲ အာဆီယံအပါအဝင် အခြားအိမ်နီးချင်းနိုင်ငံတွေနဲ့ နောက်ဆုံး ကုလသမဂ္ဂအထိပါ ခြေဆန့်နိုင်ဖို့ကို စစ်တပ်က မျှော်မှန်းထားပုံရပါတယ်။ ဒါပေမယ်လို့ ရွေးကောက်ပွဲမတိုင်ခင်မှာတော့ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး အာဆီယံရဲ့သဘောထားအမြင်တွေကလည်း စိတ်ဝင်စားဖို့ကောင်းပါတယ်။ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့မှာပဲ မြန်မာစစ်အုပ်စုရဲ့ အမည်ခံရွေးကောက်ပွဲဟာ ဦးစားပေးကိစ္စမဟုတ်ဘဲ လက်ရှိဖြစ်ပေါ်နေတဲ့ မည်သို့သောပြဿနာကိုမှဖြေရှင်းပေးနိုင်မှာမဟုတ်တဲ့အပြင် အခြေအနေတွေကိုပိုဆိုးရွားသွားစေလိမ့်မယ်

ဆိုပြီး အာဆီယံက ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ယခုနှစ် အာဆီယံဥက္ကဋ္ဌဖြစ်တဲ့ မလေးရှားအပါအဝင် အခြားအာဆီယံနိုင်ငံအချို့ဟာ ရွေးကောက်ပွဲကျင်းပဖို့အတွက်လိုအပ်တဲ့ နယ်မြေစိုးမိုးထိန်းချုပ်နိုင်မှုနဲ့ လုံခြုံရေးပြဿနာတွေအပေါ်မှာ အကြီးအကျယ်ထောက်ပြကြတာမျိုး ရှိပါတယ်။ ဒါ့အပြင် ရွေးကောက်ပွဲမတိုင်ခင်ကြားကာလမှာပဲ ပိုမိုဆိုးရွားတဲ့ပဋိပက္ခတွေဖြစ်ပေါ်လာပြီး စစ်ဆင်ရေးလှိုင်းအသစ်လည်း ပေါ်လာနိုင်တာကြောင့်မို့လို့ စစ်ကောင်စီရဲ့ ရွေးကောက်ပွဲကျင်းပနိုင်ရေးအပေါ်မှာ အာဆီယံကလည်း သတိပေးချက်တွေ တောက်လျှောက်ပြုလုပ်နေခဲ့တာပါ။

စစ်တပ်အနေနဲ့တော့ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌဖြစ်တဲ့ မလေးရှားနိုင်ငံရဲ့ သဘောထားတွေနဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့ တီမောလက်စ်တေနိုင်ငံရဲ့ NUG နဲ့ နီးစပ်တဲ့ ဆက်ဆံရေးရှိတာအပေါ်မှာလည်း ဘဝင်မကျစရာတွေ ရှိပုံရပါတယ်။ ဒါကြောင့်ပဲ တီမောနိုင်ငံဟာ အာဆီယံပဋိညာဉ်မှာ ပြဋ္ဌာန်းထားတဲ့ ပြည်တွင်းရေး ဝင်ရောက်မစွက်ဖက်ရမှုကို မလိုက်နာခဲ့တဲ့အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ်မှ ဖယ်ရှားပေးဖို့ကို စစ်တပ်ကတောင်းဆိုခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် တီမောကို အာဆီယံအဖွဲ့ဝင်အဖြစ်ဆက်ထားဖို့ကိုပဲ ဇူလိုင်လ ၁၁ ရက်က ကျင်းပပြီးစီးခဲ့တဲ့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးမှာ ထပ်မံအတည်ပြုခဲ့ကြပါတယ်။ ဒါကိုကြည့်ရင် မင်းအောင်လှိုင်ပုံသွင်းနေတဲ့ အနာဂတ်မြန်မာ့နိုင်ငံရေးရဲ့ သံတမန်လမ်းကြောင်းမှာ အာဆီယံဟာလည်း အားကိုးရဖွယ်မရှိဘူးလို့ ယူဆနိုင်ပါတယ်။ ဒီမှာလည်း လက်ရှိမှာအာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူနေတဲ့ မလေးရှားနိုင်ငံကြောင့် အာဆီယံရဲ့သဘောထားတွေကို ယာယီအဖြစ်သာ သတ်မှတ်ထားလို့ရမှာ ဖြစ်ပါတယ်။

မြန်မာပြည်ရဲ့ အနာဂတ်လမ်းကြောင်းကတော့ မသေမချာ မရေမရာတွေနဲ့ပါပဲ။ စစ်အုပ်စုကကြိုးကိုင်မယ့် ရွေးကောက်ပွဲဟာ လက်ရှိဖြစ်ပေါ်နေတဲ့ ပဋိပက္ခတွေကို ဖြေရှင်းပေးဖို့မဖြစ်နိုင်သလို ရွေးကောက်ပွဲအလွန် အစိုးရတရပ်ရဲ့တရားဝင်မှုကို မြှင့်တင်ပေးနိုင်ဖို့အတွက် အဖြေတခုလည်း မဟုတ်ပြန်ပါဘူး။ ဒီထက်ဆိုးတာကတော့ စစ်တပ်က ရွေးကောက်ပွဲကို အတင်းအကျပ် စီစဉ်နေတာဟာ တဖက်မှာ ပြိုကွဲမှုတွေကို ပိုဖြစ်ပေါ်လာစေပြီး အကြမ်းဖက်မှု၊ လူထုဆင်းရဲဒုက္ခနဲ့ စစ်ပန်းမှုတွေကိုသာ ထပ်မံပြီးပြင်းထန်တဲ့ပုံစံနဲ့ ခံစားလာရဖို့ ရှိနိုင်ပါတယ်။ ဒီလိုမျိုး ရွေးကောက်ပွဲ၊ ပဋိပက္ခတွေနဲ့ ပြည်တွင်းစစ်ကြား အားပြိုင်မှုတွေမှာ တိုင်းပြည်ဟာ ပိုပြီး ကျဥ်းထဲကျပ်ထဲရောက်လာတဲ့အခါမှာတော့ မြန်မာ့အနာဂတ်လမ်းကြောင်းဟာ ဘယ်အရွေ့မှာအရွေးကောင်းလို့ သူဌေးလောင်းဖြစ်မလဲ ဘယ်တကွေ့ မှာတော့ ရေနစ်သူ ဝါးကူထိုးခံရမလဲကိုသာ ရင်တမမနဲ့ စောင့်ကြည့်သွားရတော့မည်ဖြစ်ပါကြောင်း။ ။

**ဘုန်းမောင်**

ကိုးကား Myanmar’s Dangerous Drift: Conflict, Elections and Looming Regional Détente




နိုင်ငံရေး

## (ရှစ်လေးလုံးလူထုအရေးတော်ပုံ ၃၇ ပြည့် အထိမ်းအမှတ်)

လက်နက်ကိုင်တိုက်ပွဲဆိုတဲ့အမျိုးက တိုက်ချင်တိုင်းထတိုက်လို့ ရတာမဟုတ်။ လူ့အဖွဲ့အစည်းတခုအတွင်းမှာ လက်နက်ကိုင်တော်လှန်ရေးတရပ်ပေါ်ပေါက်လာတယ်ဆိုတာ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်လာတဲ့အမျိုးပါ။ လူ့အဖွဲ့အစည်းအတွင်းမှာ ရက်ရက်စက်စက် ပြင်းပြင်းထန်ထန် ဖိနှိပ်ခံရမယ်၊ ဘက်ပေါင်းစုံမှာ ဆိုးဆိုးရွားရွား အခွင့်အရေးမျိုးစုံ ချိုးဖောက်ခံနေရမယ်၊ လူမျိုးစုံပြည်သူတွေဟာ မတရား မမျှတမှု အမျိုးမျိုးကို ခံစားနေရမယ် … စတဲ့အကြောင်းခံတွေအပေါ်မှာ အဲဒီလူ့အဖွဲ့အစည်းဝင်တွေဖြစ်ကြတဲ့ လူမျိုးစုံပြည်သူလူထုရဲ့နိုင်ငံရေးနိုးကြားမှုရေချိန် မြင့်မားလာပြီး၊ တော်လှန်တဲ့အတွေးအခေါ်တရပ်နဲ့ ပေါင်းစပ်လိုက်တဲ့အခါကျမှသာ သီးချိန်တန်လို့ သီးလာတဲ့၊ ပွင့်ချိန်တန်လို့ပွင့်လာတဲ့ လက်နက်ကိုင်တော်လှန်ရေးတရပ် ပေါ်ပေါက်လာတာပါ။

မြန်မာ့လူ့အဖွဲ့အစည်းကို ပြန်ကြည့်ရင် ........

### ၁၃၀၀ ပြည့်အရေးတော်ပုံ နဲ့ လက်နက်ကိုင်တော်လှန်ရေး

၁၈၈၅ ခုနှစ်ကစပြီး ရေတွက်ရင် ၁၉၃၈ ခုနှစ်အထိ အင်္ဂလိပ်အစိုးရရဲ့ဖိနှိပ်အုပ်ချုပ်မှုဟာ (၅၃) နှစ်ကြာမြင့်လာခဲ့တဲ့အချိန်၊ ၁၉၃၈ ခုနှစ်မှာ ရေနံ မြေအလုပ်သမားတွေက စတင်ပြီးတော့ နေထိုင်မှုဘဝ ဆင်းရဲဒုက္ခတွေနဲ့အတူ မတရား ဖိနှိပ်ခံရတဲ့ အခြေအနေအရပ်ရပ်ကို မခံမရပ်တဲ့အဆုံး ရေနံမြေ အလုပ်သမားသပိတ်ကို စတင်တိုက်ပွဲဝင်ခဲ့ကြပါတယ်။ ရေနံမြေအလုပ်သမားသပိတ်နဲ့အတူ အလုပ်သမား၊ ကျောင်းသားသပိတ်တွေ ပူးပေါင်းခဲ့ကြပြီး ပြည်သူတွေလည်း ပါဝင်လာတဲ့အခါ တနိုင်ငံလုံးအတိုင်းအတာနဲ့ သမိုင်းဝင် လူထုအထွေထွေသပိတ်ကြီးဖြစ်ပေါ်လာခဲ့ပါတယ်။ အဲဒီ လူထုအထွေထွေ သပိတ်ကြီးကို မြန်မာ့နိုင်ငံရေးသမိုင်းမှာ "၁၃၀၀ အရေးတော်ပုံ" လို့ ခေါ်တွင်ကြတာပါ။

၁၃၀၀ ပြည့်အရေးတော်ပုံပေါ်ပေါက်လာတဲ့အချိန်ကာလဝန်းကျင်၊ နောက်ခံအခြေအနေဖြစ်တဲ့ မြန်မာ့နိုင်ငံရေးလောကမှာ လူငယ်တွေကြား နိုင်ငံတကာတော်လှန်ရေးစာပေလေ့လာမှု နဲ့ လက်ဝဲ

အယူအဆတော်လှန်ရေးသဘောတရားလည်း စပြီး ပျံ့နှံ့နေပါပြီ။

ဒီအကြောင်းခံတွေရဲ့အကျိုးဆက်အဖြစ် ၁၃၀၀ ပြည့်အရေးတော်ပုံ လူထုအထွေထွေသပိတ်ကြီး ဖြစ်ပေါ်လာပြီးနောက်ပိုင်း၊ မြန်မာလူငယ်တွေကြားမှာ အင်္ဂလိပ်အစိုးရကို လက်နက်စွဲကိုင်တော်လှန်မှသာ သူ့ကျွန်ဘ၀က လွတ်မြောက်မယ်ဆိုတဲ့ အယူအဆတရပ် အခိုင်အမာ ဖြစ်တည်လာခဲ့ပါတယ်၊ လက်တွေ့လည်း အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့ကြပါတယ်။

၁၃၀၀ ပြည့် လူထုအထွေထွေသပိတ်ကြီး ပေါ်ပေါက်လာခဲ့ပြီး၊ နောက် (၃) နှစ်အကြာ၊ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလမှာတော့ မြန်မာလူငယ်တွေဟာ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှာ ဗမာ့လွတ်လပ်ရေးတပ်မတော်(Burma Independent Army-BIA)ကို ဖွဲ့စည်း တည်ထောင်ခဲ့ကြပြီး လုံး၀လွတ်လပ်ရေးရရှိသည်အထိ လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲကြပါတော့တယ်။

**ရှစ်လေးလုံးလူထုအရေးတော်ပုံ နဲ့ လက်နက်ကိုင်တော်လှန်ရေး**

၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့မှာ နေ၀င်းစစ်အုပ်စုဟာ ပါလီမန်ဒီမိုကရေစီအစိုးတရပ်ဆီကနေ နိုင်ငံတော်အာဏာကို လက်နက်နဲ့ မတရား သိမ်းပိုက်ခဲ့တဲ့အချိန်ကစလို့ မြန်မာနိုင်ငံရှိ လူမျိုးစုံပြည်သူတွေဟာ စစ်အာဏာရှင်စနစ်အောက်၊ စစ်ကျွန်ဘ၀ကို စုန်းစုန်းမြုတ် ကျရောက်သွားခဲ့ကြပါတယ်။ စစ်အာဏာသိမ်းခံရပြီး ၄ လနဲ့ ၅ ရက်အရောက်မှာပဲ မြန်မာ့ကျောင်းသားလှုပ်ရှားမှုသမိုင်းမှာသာမက မြန်မာ့နိုင်ငံရေးသမိုင်းမှာပါ ဒီနေ့အထိ အထိမ်းအမှတ်ပြုနေရတဲ့ ဇူလိုင် ၇ ရက်ကျောင်းသားအရေးတော်ပုံနဲ့ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်တုံ့ပြန်ခဲ့ကြပါတယ်။ ၁၉၆၂ ခုနှစ် ဇူလိုင်(၇)ရက်ကျောင်းသားအရေးတော်ပုံနောက်ပိုင်း ၁၉၆၉၊ ၁၉၇၄၊ ၁၉၇၅၊ ၁၉၇၆၊ ၁၉၇၇ စတဲ့နှစ်တွေမှာ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်သပိတ်မှောက်ကြတဲ့ ကျောင်းသားလှုပ်ရှားမှု၊ အလုပ်သမားလှုပ်ရှားမှုတွေဟာ ကွင်းဆက်နဲ့ ပေါ်ပေါက်လာခဲ့တာပါ။

၁၉၇၇ ခုနှစ်နောက်ပိုင်းမှာ ရန်သူစစ်အုပ်စုဟာ ကျောင်းသားခေါင်းဆောင် ဆလိုင်းတင်မောင်ဦးကို ကြိုးပေးသတ်ခဲ့တာအပါအ၀င် စစ်အာဏာရှင်စနစ်၊ စစ်အုပ်ချုပ်ရေးနဲ့ စစ်အုပ်စုကို ဆန့်ကျင်တဲ့လှုပ်ရှားမှုမှန်သမျှကို အပြင်းအထန် ရက်ရက်စက်စက် နှိမ်နင်းခဲ့တာကြောင့်၊ (၁၀)စုနှစ်တခုကျော် ကြာအောင် သပိတ်တိုက်ပွဲတွေ ရပ်တန့်သွားခဲ့ရပါတယ်။

၁၉၈၇ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့မှာတော့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအမည်ခံစစ်အုပ်စုဟာ ငွေစက္ကူတွေကို မတရားဖျက်သိမ်းခဲ့တဲ့အတွက် ရန်ကုန်စက်မှုတက္ကသိုလ်၊ မန္တလေးဆေးတက္ကသိုလ် နဲ့ ရန်ကုန်တက္ကသိုလ်ကျောင်းသားတွေဟာ"ငွေစက္ကူအရေးအခင်း" လို့ခေါ်တဲ့ စစ်အာဏာရှင်ဆန့်ကျင်ရေး ကျောင်းသားလှုပ်ရှားမှုတွေကို တကျော့ပြန် ပြန်လည်စတင်ခဲ့ကြပါတယ်။ အဲဒီနောက် ၁၉၈၈ ခုနှစ်၊ မတ်လ "ကိုဖုန်းမော် ကျောင်းသားလှုပ်ရှားမှု"၊ ဇွန်လ "ကိုဖုန်းမော် သုံးလပြည့်ကျောင်းသားလှုပ်ရှားမှု"တွေကနေ စစ်အာဏာရှင်ဆန့်ကျင်ရေးလှုပ်ရှားမှု အရှိန်အဟုန်ပြန်မြင့်လာခဲ့ပါတယ်။ စစ်အုပ်စုရဲ့အပြင်းအထန် ဖိနှိပ်မှုတွေကြားက အရှိန်ပြန်မြင့်လာခဲ့တဲ့အနီးဆုံးကျောင်းသားလှုပ်

ရှားမှုတွေကနေ လှည်းနေလှေအောင်း မြင်းဖောင်းမကျန် တတိုင်းတပြည်လုံးအုံကြွဆန့်ကျင်တဲ့ လူထုလှုပ်ရှားမှုကြီး ပေါ်လာတော့တာပါဘဲ။ အဲဒီလူထုလှုပ်ရှားမှုကြီးဆိုတာ "၁၃၅၀ ပြည့်အရေးတော်ပုံ" လို့လည်းခေါ်ကြတဲ့ "ရှစ်လေးလုံးလူထုအရေးတော်ပုံ"ပါ။ ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့မှာ စတင်ခဲ့တဲ့ ရှစ်လေးလုံးလူထုအရေးတော်ပုံကြီးကို စစ်အုပ်စုဟာ စက်တင်ဘာလ ၁၈ ရက်နေ့မှာ လူထောင်ပေါင်းများစွာကို ရက်ရက်စက်စက် ပစ်သတ်ပြီး အရေးတော်ပုံကြီးကို နှိမ်နင်းခဲ့ပါတယ်။

သမိုင်းကို ပြန်ကြည့်ရင် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့မှာ လွတ်လပ်ရေးရခဲ့ပါတယ်၊ လွတ်လပ်ရေးရပြီးမကြာခင်မှာဘဲ ဗမာပြည်ကွန်မြူနစ်ပါတီ အပါအဝင် လူမျိုးစုံပြည်သူတွေဟာ တိုင်းရင်းသား အခွင့်အရေးတွေ ပျောက်ဆုံးပြီး ဒီမိုကရေစီဆိတ်သုန်းလာတဲ့အခြေအနေကြောင့် မြန်မာနိုင်ငံမှာ ပြည်တွင်းစစ်လို့ခေါ်တဲ့ လက်နက်ကိုင်တော်လှန်ရေးကို အသီးသီး ဆင်နွှဲလာခဲ့ကြပါတယ်။ ၁၉၄၈ ခုနှစ်ကနေ ၁၉၈၈ ခုနှစ်အထိ ပြည်တွင်းစစ်အနှစ်(၄၀)အတွင်း လက်နက်ကိုင်တော်လှန်ရေးဒီရေဟာ အတက်အကျ အချိုးအကွေ့အမျိုးမျိုး ရှိနေခဲ့တာပါ။

၁၉၈၈ ခုနှစ် ရှစ်လေးလုံးလူထုအရေးတော်ပုံ အကြမ်းဖက်နှိမ်နင်းခံရပြီးတဲ့အခါမှာတော့ အနှစ်(၄၀)ကြာ လက်နက်ကိုင်တော်လှန်ရေး နောက်ခံအခြေအနေမှာ ရှစ်လေးလုံးအရေးတော်ပုံတပ်သား ကျောင်းသားလူငယ်တွေဟာ လူထုတိုက်ပွဲကနေ လက်နက်ကိုင်တော်လှန်ရေးဆီ အုံနဲ့ကျင်းနဲ့ ကူးပြောင်းသွားခဲ့ကြပါတယ်။

ရှစ်လေးလုံးလူထုအရေးတော်ပုံရဲ့ လူထုတိုက်ပွဲနဲ့ လက်နက်ကိုင်တော်လှန်ရေး ဆက်စပ်မှုပြယုဂ်အဖြစ် အခိုင်အမာဖော်ပြနေတာကတော့ အေဘီအက်စ်ဒီအက်ဖ်လို့ အများခေါ်ကြတဲ့ "မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး"ဟာဒီနေ့နွေဦးတော်လှန်ရေးကာလအထိ လက်နက်ကိုင်တော်လှန်ရေးသဘောတရားကို ယုံယုံကြည်ကြည်ဆုပ်ကိုင် တိုက်ပွဲဝင်နေခြင်းသက်သေပါဘဲ။

## လူထုအထွေထွေသပိတ်ကြီး နဲ့ နွေဦးလက်နက်ကိုင်တော်လှန်ရေး

၂၀၂၀-၂၀၂၁ ခုနှစ် နှစ်ဆန်း၊ မြန်မာ့နိုင်ငံရေးအခင်းအကျင်းဆိုတာ စစ်အုပ်စုစိတ်ကြိုက်ရေးဆွဲထားတဲ့ ၂၀၀၈ ဖွဲ့စည်းပုံ စစ်အခြေခံဥပဒေ၊ သူတို့စစ်ဥပဒေနဲ့အညီ ပြုလုပ်တဲ့ ပါတီစုံရွေးကောက်ပွဲ၊ သူတို့စစ်ဥပဒေနဲ့အညီ ဆောင်ရွက်ရတဲ့ ပါတီစုံလွှတ်တော်၊ သူတို့စစ်ဥပဒေနှင့်အညီ အုပ်ချုပ်ရတဲ့ အစိုးရတရပ် ရှိနေတဲ့အခြေအနေပါ။ ဒါပေမဲ့ … ရလေ လိုလေ အိုတစ္ဆေဖြစ်နေတဲ့စစ်အုပ်စုဟာ ရှိနေတဲ့ အခင်းအကျင်းမှာ သူတို့ရဲ့အလိုရမ္မက် မပြည့်နိုင်တော့တဲ့အတွက် ဘာမှမလုပ်ရဲတာမရှိဘူးလို့ ကြွေးကြော်ပြီး သူတို့စိတ်ကြိုက်ရေးဆွဲထားတဲ့ ၂၀၀၈ ဖွဲ့စည်းပုံ စစ်အခြေခံဥပဒေကို ပြောင်ချိုးဖောက်ဖျက်လိုက်တယ်၊ ပါတီစုံဒီမိုကရေစီအသွင်ဆောင်အုပ်ချုပ်ရေးအာဏာကို ဖျက်သိမ်းပြီး ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ ပြောင်စစ်အာဏာသိမ်းယူပြီး စစ်အုပ်ချုပ်ရေးနဲ့ ပြန်အုပ်ချုပ်လိုက်ပါတယ်။

ပြောင်စစ်အုပ်ချုပ်ရေးနဲ့စစ်အာဏာသိမ်းစ ရက်ပိုင်းအတွင်းမှာပဲ ဘာမှမလုပ်ရဲတာမရှိတဲ့ စစ်အုပ်စုကို လုံးဝအုပ်ချုပ်လို့မရစေရဆိုတဲ့စိတ်ပိုင်းဖြတ်မှုနဲ့ တနိုင်ငံလုံးမှာရှိကြတဲ့ လူမျိုးစုံပြည်သူတရပ်လုံး အုံ့ကြွဆန့်ကျင်ကြတဲ့ နွေဦးလူထုအထွေထွေသပိတ်ကြီး ပေါ်ပေါက်လာခဲ့ပါတယ်။ ၁၉၆၂ ခုနှစ်ကစခဲ့တဲ့ စစ်အုပ်စုဟာ သူတို့အသားကျနေတဲ့ စစ်အာဏာရှင်စရိုက်အတိုင်း လူမျိုးစုံလူထုသပိတ် ကြီးကို အကြမ်းတမ်းဆုံး၊ အရက်စက်ဆုံးနည်းလမ်းတွေ ချေမှုန်းနှိမ်နင်းပါတယ်။ ဒီလိုစစ်အုပ်ချုပ်ရေးနဲ့ အကြမ်းဖက်နှိမ်နင်းမှုရဲ့အကျိုးဆက်အဖြစ် - လူမျိုးစုံ၊ ဘာသာပေါင်းစုံက လူငယ်ကျောင်းသားတွေဟာ လက်နက်မဲ့သပိတ်တိုက်ပွဲတွေဆီကနေ လက်နက်ကိုင်တော်လှန်ရေးထဲကို ကူးပြောင်းရောက်ရှိသွားကြပါတယ်။ လက်နက်ကိုင်တော်လှန်ရေး ဒီရေဟာလည်း ပြည်တွင်းစစ်စတင်ခဲ့ချိန်ကတည်းက နှစ်ပေါင်း (၇၅) နှစ်ကျော်အတွင်း အမြင့်ဆုံးအခြေအနေကို ရောက်ရှိလာခဲ့ပါတယ်။ လက်နက်ကိုင်တော်လှန်ရေးရဲ့ အခုဒီရေမြင့်ကာလကို "နွေဦးတော်လှန်ရေး" လို့ စွဲမြဲခေါ်ဆိုနေကြတာပါ။

ပြည်သူတွေထဲကမျိုးဆက်အသီးသီးဟာ ကိုယ်တိုင်လက်နက်မကိုင်နိုင်လည်း လက်နက်ကိုင်တော်လှန်ရေးကို တတ်နိုင်တဲ့ဘက်က အထောက်အပံ့ပြုနေကြတဲ့အချက်ရယ်၊ လူ့အဖွဲ့အစည်းတရပ်ရဲ့ Generation Z လို့ခေါ်တဲ့ ဂျန်ဇီးမျိုးဆက်တဆက်လုံးဟာ နွေဦးတော်လှန်ရေးကို ကိုယ်စားပြုထင်ဟပ်တဲ့မျိုးဆက်ဖြစ်သွားတဲ့အချက်ရယ်ဟာ နွေဦးတော်လှန်ရေးရဲ့ ထူးခြားတဲ့လက္ခဏာတွေဖြစ်နေပါတယ်။

## လူထုတိုက်ပွဲ နဲ့ လက်နက်ကိုင်တိုက်ပွဲ ပေါင်းစပ်ခြင်းရဲ့အဓိပ္ပါယ်

၁၉၃၈ ခုနှစ်၊ ၁၃၀၀ ပြည့်အရေးတော်ပုံ လူထုအထွေထွေသပိတ်ကြီးကနေ လက်နက်ကိုင်တော်လှန်ရေးဆက်လက်ဆင်နွှဲခဲ့တဲ့ နိုင်ငံရေးရည်မှန်းချက်က အင်္ဂလိပ်ကိုလိုနီလက်အောက်က အဆုံးတိုင်ရုန်းထွက်ပြီး လုံးဝလွတ်လပ်ရေးရရှိဖို့ပါ။ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့မှာ လွတ်လပ်ရေးရရှိခဲ့ပြီး ရည်မှန်းချက် ပြီးမြောက်အောင်မြင်ခဲ့ပါတယ်။

၁၉၆၂ ခုနှစ်ကစခဲ့တဲ့ စစ်အာဏာရှင်စနစ်ကာလမှာ ပေါ်ပေါက်လာခဲ့တဲ့ ၁၉၈၈ ခုနှစ် ရှစ်လေးလုံးလူထုအရေးတော်ပုံ နဲ့ ၂၀၂၁ ခုနှစ်မှာ စတင်ခဲ့တဲ့ နွေဦးလက်နက်ကိုင်တော်လှန်ရေးရဲ့ နိုင်ငံရေးရည်မှန်းချက်က စစ်အာဏာရှင်စနစ် အကုန်အစင်ဖျက်သိမ်းရေးသာဖြစ်ပါတယ်။ စစ်အာဏာရှင်စနစ်အကုန်အစင် ဖျက်သိမ်းပြီးမှသာ ရှစ်လေးလုံးအရေးတော်ပုံနဲ့ နွေဦးတော်လှန်ရေးရဲ့ နိုင်ငံရေးရည်မှန်းချက် ပြီးမြောက်အောင်မြင်မှာဖြစ်ကြောင်း။ ။

**လမင်းအိမ်**

> စစ်ဆင်ရေးတိုင်းဟာ ပရိယာယ်အပေါ်မှာ အခြေခံတယ်။
>
> ဆွန်ဇူး ၊ The Art of War

## လက်ရှိနိုင်ငံရေးအမြင်




**တော်လှန်ရေးရဲ့ ဗဟိုဟန်ချက် (central gravity of revolution)**

တော်လှန်ရေး အောင်ပွဲဝင်ဖို့ဆိုရင် မိမိတို့ တော်လှန်ရေးရဲ့ စွမ်းအားအရင်းအမြစ် ဘာလဲဆိုတာ သိဖို့ လို့အပ်ပါတယ်၊ ဒါကို တနည်းအား ဖြင့်တော့ တော်လှန်ရေးရဲ့ ဗဟိုဟန်ချက်လို့ ခေါ်ဆိုနိုင်ပါတယ်။ တော်လှန်ရေးရဲ့ စွမ်းအားအရင်းအမြစ်ကို သိရှိမှပဲ မိမိတို့ဟာ အဲ့ဒီအရာကိုသုံးပြီး တော်လှန်ရေးနိုင်ဖို့ အကြောင်းတွေကို ဖန်တီးနိုင်မှာ ဖြစ်တယ်။ ပြီးတော့ အဲ့ဒီ တော်လှန်ရေးရဲ့ ဗဟိုဟန်ချက်ကို မပျက်စီးသွားအောင် ထိန်းသိမ်းခြင်း လုပ်ငန်းတွေ၊ တိုးတက်လာအောင် တိုးချဲ့တဲ့ လုပ်ငန်းတွေ လုပ်နိုင်မှာပဲ ဖြစ်တယ်။ ဆိုတော့ တော်လှန်ရေးရဲ့ ဗဟိုဟန်ချက်က ဘယ်မှာပါလဲ။

မိမိတို့ တော်လှန်ရေးရဲ့ဗဟိုဟန်ချက်ဟာ ဖိနှိပ်ခံလူထုရဲ့ နိုင်ငံရေးအသိဖြစ်တယ်လို့ ကျနော်ကတော့ ယုံကြည်ပါတယ်။ ဒါကို ထပ်မံရှင်းလင်းခွင့်ပြုပါ။ လက်ရှိမှာ မိမိတို့ဟာ စစ်အုပ်စုကို ကြောက်ရွံ့သွားအောင် တိုက်ပွဲအလီလီတိုက်ပြီး ချေမှုန်းဖျက်ဆီးထားနိုင်တယ်။ ဒ့ါအပြင် လွတ်မြောက်နယ်မြေတွေ ရရှိလာပြီး အခြေခံဒေသတွေရရှိလာတယ်။ အတိုင်းအတာတစ်ရပ်အထိ အဖျက်စွမ်းအားကြီးတဲ့ လက်နက်တွေလည်း ရရှိထားပြီးဖြစ်တယ်။ ဒီလိုအခြေအနေဖြစ်အောင် ဖန်တီးပေးခဲ့တာက ဖိနှိပ်ခံလူထုရဲ့စစ်အုပ်စုကို ခုခံတော်လှန်ရမယ်ဆိုတဲ့ နိုင်ငံရေးအသိကြောင့်သာလျှင် ဖြစ်ပါ

တယ်။ ဖိနှိပ်ခံလူထုရဲ့ စစ်အုပ်စုကို ရွံမုန်းစက်ဆုတ်ဖွယ်ရာအဖြစ် သိရှိနားလည်လာတဲ့ ဘဝပေးအသိကို မိမိတို့က ခုခံတွန်းလှန်ရမယ်ဆိုတဲ့ နိုင်ငံရေးအသိအဖြစ် ပြောင်းလဲပေးနိုင်ခဲ့တာပါ။

မိမိတို့အိမ် မီးလောင်ပြာကျပါစေ၊ စစ်အုပ်စုကိုသာ ချေမှုန်းပါ၊ မိမိသားတွေ သမီးတွေ ရှင်ပြုနားသဖို့စုထားတဲ့ နားကပ်လေး လှူပါတယ်၊ စစ်အုပ်စုကိုသာ ချေမှုန်းပါ၊ နိုင်ငံခြားထွက်ပြီး အလုပ်မလုပ်တော့ဘူး၊ စစ်အုပ်စုကိုပဲ ချေမှုန်းမယ်၊ တက္ကသိုလ်ဆက်မတက်တော့ဘူး၊ စစ်အုပ်စုကိုပဲ ချေမှုန်းမယ် စသဖြင့် တော်လှန်ရေးရဲ့ ခွန်အင်အားအတွက်ရော၊ လူအင်အားအတွက်ရော၊ ဒီရေမြင့်သစ် တိုးတက်လာအောင် ပြည်တွင်း ပြည်ပ ဖိနှိပ်ခံလူထုက မိမိတို့ကို မြေတောင်မြှောက်ပေးလို့ မိမိတို့တော်လှန်ရေးဟာ ဒီအခြေအနေထိ ရောက်လာတာဖြစ်ပါတယ်။ ဖိနှိပ်ခံလူထုကလည်း ၎င်းတို့ရဲ့နိုင်ငံရေးအသိအရ၊ တော်လှန်ရေးမှာ ပါဝင်ဆောင်ရွက်ကြတာ ဖြစ်ပါတယ်။

ဒါကြောင့်ပဲ ဖိနှိပ်ခံလူထုရဲ့ နိုင်ငံရေးအသိဟာ ကျနော်တို့ တော်လှန်ရေးရဲ့ ဗဟိုဟန်ချက်လို့ ကျနော်က တင်ပြတာဖြစ်ပါတယ်။ ဒီ ဗဟိုဟန်ချက်ဟာ ရန်သူထက် ကျနော်တို့မှာ နိုင်ငံရေးအရ လက်ဦးမှု ရှိနေတာလည်း ဖြစ်ပါတယ်။ ဒီလိုမျိုး နိုင်ငံရေးအရ လက်ဦးမှုကို ရန်သူဆီကနေ ကာကွယ်ဖို့နဲ့ တိုးချဲ့ဖို့ဟာ တော်လှန်ရေးအောင်ပွဲဝင်နိုင်ဖို့ လုပ်ရမယ့် မိမိတို့ ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ် ဖြစ်ပြီး စစ်အုပ်စုကလည်း မိမိတို့ လုပ်ငန်းစဉ်များ မအောင်မြင်အောင် ကြိုးပမ်းအားထုတ်လျက်ရှိနေတယ်။

**စစ်အုပ်စု၏ အားထုတ်မှု**

မိမိတို့ တော်လှန်ရေးရဲ့ ဗဟိုဟန်ချက်ကို ကာကွယ်ဖို့ တိုးချဲ့ဖို့ ကြိုးစားနေချိန်မှာပဲ စစ်အုပ်စုကလည်း ဖျက်ဆီးနိုင်ဖို့ အမြဲ ကြိုးပမ်းနေတာပါပဲ ။ စစ်အုပ်စုဟာ ၎င်းတို့ရဲ့ နိုင်ငံရေး လက်ဦးမဲ့မှုကို ပြန်ယူဖို့ နည်းနာ ၂ ခု သုံးနေပါတယ်။

ပထမတစ်ခုက အကြမ်းဖက်အာဏာသုံးပြီး ကြောက်ရွံ့လာအောင် လုပ်တာဖြစ်တယ်။ အကြမ်းဖက် ဖမ်းဆီးတာ၊ အကြမ်းဖက် ပေါ်တာဆွဲ ပြီး တိုက်ပွဲထဲ ထိုးထည့်တာ၊ ဖျက်အားပြင်းလက်နက်တွေသုံးပြီး ရက်စက်စွာသတ်ဖြတ်တာ၊ စသဖြင့် အမာနည်း ဖြစ်ပါတယ်။

ဒုတိယနည်းက အပျော့နည်းဖြစ်ပါတယ်။ ၎င်းတို့ စိုးမိုးနယ်မြေထဲက လူထုကို ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေ အနည်းဆုံးသော အရေအတွက်၊ အဖျင်းဆုံးသော အရည်အချင်းနဲ့ပေးတာ၊ အတုအယောင်ရွေးကောက်ပွဲဆောင်ရွက်ဖို့ ပြင်ဆင်တာ၊ တချို့သော လူမျိုးစုများကို နိုင်ငံရေး အာဏာအယောင်ပြ ခွဲပေးတာ၊ စသဖြင့် ဆောင်ရွက်တာပါ။ ဒီလုပ်ငန်းစဉ်တွေက မိမိတို့ တော်လှန်ရေးရဲ့ ဗဟိုဟန်ချက်ကို ဖျက်ဆီးဖို့ နဲ့ ၎င်းတို့ရဲ့ ဗဟိုဟန်ချက်ကို ကာကွယ်ဖို့ တိုးချဲ့ဖို့ လုပ်ငန်းစဉ်တွေဖြစ်တယ်။ ဒီနေရာမှာ စစ်အုပ်စုရဲ့ ဗဟိုဟန်ချက်ကရော ဘာလဲဆိုတာနဲ့ ပက်သက်ပြီး အကျယ်မရှင်းလင်းနိုင်သေးပါဘူး၊ အကျယ်ကို နောက်ထပ် ဆောင်းပါးတစ်ခုနဲ့ ရှင်းလင်းပါ့မယ်။ ဒီမှာတော့ အနှစ်ချုပ်သာ တင်ပြပါ့မယ်။ အနှစ်ချုပ်အားဖြင့်ကတော့ စစ်အုပ်စုရဲ့ ဗဟိုဟန်ချက်ဟာ ၎င်းတို့မရှိရင် တိုင်းပြည် အစိတ်စိတ်အမွှာမွှာ ကွဲသွားမယ်၊ ဒါကြောင့် ၎င်းတို့ဟာ အမျိုးသားနိုင်ငံရေးမှာ ဦးဆောင်မှုအခန်း

ကဏ္ဍကနေ ပါဝင်နေရပါတယ် ဆိုတဲ့ဇာတ်ကြောင်းပါ။ စစ်အုပ်စုကတော့ ဖိနှိပ်ခံလူထုကို နိုင်ငံရေးအသိ မနိုးကြားလာအောင် ဖိနှိပ်ချုပ်ချယ်တဲ့နည်းသုံးပြီး ခြိမ်းလိုက်၊ ခြောက်လိုက်၊ သွေးခွဲသပ်လျှိုတဲ့နည်းသုံးပြီး ချော့လိုက်၊ ပျော့လိုက်နဲ့ပဲ ဆောင်ရွက်နေပါတယ်။

မိမိတို့မှာ အထက်က ဆိုခဲ့သလို အောင်မြင်မှုတွေ ရရှိထားပေမယ့် စစ်အုပ်စုကလည်း မိမိတို့ရဲ့လက်ဦးမှုကို ပြန်လည်ရယူဖို့ အပျော့နည်း အတုအယောင်ရွေးကောက်ပွဲကို ကျင်းပတာနဲ့ အဓမ္မပေါ်တာဆွဲပြီး စစ်အင်အားတိုးချဲ့ကာ မိမိတို့ရဲ့ အခြေခံဒေသတွေကို ပြန်လည်သိမ်းပိုက်နိုင်ဖို့ အားထုတ်လာတာတွေကို ဒီကာလမှာ အစွမ်းကုန်ဆောင်ရွက်လာနေပါတယ်။

အတုယောင်ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို ဆောင်ရွက်ခြင်းကြောင့် စစ်အုပ်စုဟာ တချို့သော ဖိနှိပ်ခံလူထုရဲ့ အမြင်တွေ ဝေဝါးအောင်ဆောင်ရွက်ရာမှာ အောင်မြင်သွားနိုင်သလို၊ နိုင်ငံတကာက တချို့သော နိုင်ငံများကိုလည်း မိမိတို့ တော်လှန်ရေးအင်အားစုတွေအပေါ် အမြင်မှားအောင် ဖော်ဆောင်သွားလို့ ရနိုင်ခြေရှိပါတယ်။ စစ်အင်အားတိုးချဲ့ကာ မိမိတို့ အခြေခံဒေသတွေကို သိမ်းပိုက်စိုးမိုးဖို့ ကြိုးစားလာတာကလည်း မိမိတို့ရဲ့ ကိုယ်အားကိုယ်ကိုးရေး အခြေခံကို ဖျက်ဆီးလာနိုင်ပြီး၊ ဖိနှိပ်ခံလူထုရဲ့ အောင်စိတ်ကို ပျက်စီးစေနိုင်ပါတယ်။ ဒါကြောင့် ကျနော်တို့ဟာ တော်လှန်ရေးရဲ့ဗဟိုဟန်ချက်ကို ကာကွယ်ဖို့ နဲ့ တိုးချဲ့ဖို့ အရေးတကြီးလုပ်ဖို့ လိုလာပြီ ဖြစ်တယ်။

**ငါတို့ဘာလုပ်ကြမလဲ**

ကျနော်တို့ ဘာလုပ်ကြမလဲဆိုတာကို မတင်ပြခင်မှာ ဖိနှိပ်ခံလူထုရဲ့ အခြေအနေကို အရင်ဆုံး ရှင်းလင်းတင်ပြချင်ပါတယ်။ ဖိနှိပ်ခံလူထုဟာ စစ်အုပ်စုကို ခုခံတော်လှန်ဖို့ မိမိတို့ တော်လှန်ရေးအင်အားစုတွေကို မြေတောင်မြှောက်ပေးခဲ့တယ်ဆိုတာကို အထက်မှာ ရှင်းလင်းခဲ့ပြီး ဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ ဖိနှိပ်ခံလူထုဟာ စစ်အုပ်စုကို ခုခံတော်လှန်ပြီးရင် ဘာဖြစ်မှာလဲဆိုတာကို ခိုင်ခိုင်မာမာ နားလည်ဖို့ တောင်းဆိုလာချိန် ဖြစ်တယ်လို့ ကျနော်ကတော့ ယူဆပါတယ်။ ရှင်းလင်းတင်ပြခွင့်ပြုပါ။ နွေဦးတော်လှန်ရေးရဲ့ ရှေ့ဦးပိုင်း နှစ်ကာလများမှာ ဖိနှိပ်ခံလူထုဟာ စစ်အုပ်စုကို ရွံမုန်းစိတ် မကျေနပ်စိတ်တွေနဲ့ ဘဝပေးအသိအရ စစ်အုပ်စုကို ဆန့်ကျင်ဖို့ ဖြစ်လာတာကို မိမိတို့အနေနဲ့ နိုင်ငံရေးအသိဖြစ်လာအောင် စည်းရုံးစုစည်းပြီး အကြမ်းမဖက်အာဏာဖီဆန်ရေးလမ်းစဉ်တွေ၊ လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်တွေကို ချမှတ်အကောင်အထည်ဖော်နိုင်ခဲ့တာကြောင့် အတိုင်းအတာတစ်ရပ်အထိ စစ်အုပ်စုကို ခုခံတော်လှန်ချေမှုန်းနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်ပဲ မိမိတို့ တော်လှန်ရေးမှာ ကိုယ်အားကိုယ်ကိုးရေး အခြေခံတွေဖြစ်တဲ့ အခြေခံဒေသတွေ၊ လက်နက်ခဲယမ်းတွေ၊ ထုအင်အားနဲ့ စုဖွဲ့ထားတဲ့ တပ်တွေ နဲ့ ဓနအင်အားတွေ ပိုင်ဆိုင်လာတယ်။ သို့ပေမယ့် ဒါဟာ မိမိတို့ တော်လှန်ရေးဗဟိုဟန်ချက်ကို ရန်သူက မတိုက်ခိုက်နိုင်ဘဲ မိမိတို့က ကာကွယ်စောင့်ရှောက်ထားနိုင်သေးလို့ဖြစ်လာတဲ့ တိုးတက်မှုတွေသာ ဖြစ်တယ်။ အထက်မှာ တင်ပြခဲ့သလို စစ်အုပ်စုဟာ မိမိတို့ရဲ့ ဗဟိုဟန်ချက်ကို တိုက်ခိုက်လာတဲ့ ဖြစ်စဉ်တွေရှိနေသလို ဖိနှိပ်ခံလူထုရဲ့ ဘဝပေးအသိဟာလည်း နွေဦးတော်လှန်

ရေးရဲ့ရှေ့ဦးပိုင်းနှစ်များကဲ့သို့ မဟုတ်ဘဲ ထပ်မံ၍ တိုးတက်လာနေပြီဖြစ်တယ်။ ဒါကြောင့် မိမိတို့ဟာ တော်လှန်ရေးရဲ့ ဗဟိုပန်းချက်ကို ကာကွယ်ဖို့ နဲ့ ထပ်မံတိုးချဲ့ဖို့ လိုလာပြီဖြစ်တယ်။ ရှေးဦးပိုင်းနှစ်ကာလများမှာ ချမှတ်ခဲ့ကြတဲ့ စစ်အုပ်စုကို ခုခံတော်လှန် ချေမှုန်းရေး နိုင်ငံရေးအသိမျှကို ဖိနှိပ်ခံလူထုက မတွေးတောတော့ဘူး။ စစ်အုပ်စုကို ခုခံတော်လှန်ချေမှုန်းပြီးရင် ဘာဖြစ်မှာလဲဆိုတာအထိ သိချင်လာကြတယ်။ ဒီလို ဖိနှိပ်ခံလူထုရဲ့ ဘဝပေးအသိ တိုးတက်လာမှုဖြစ်စဉ်ကို မိမိတို့အနေနဲ့ နိုင်ငံ ရေးအသိဖြစ်လာအောင် စည်းရုံးစုစည်းရမှာဖြစ်တယ်။

လက်ရှိအချိန်မှာ မိမိတို့မှာ အတိုင်းအတာတစ်ရပ်ထိ စိုးမိုးထိန်းချုပ်နယ်မြေတွေရရှိလာပြီး အဲ့ဒီဒေသတွေမှာ စစ်အုပ်စုမရှိတဲ့ အခြေအနေဟာ မည်ကဲ့သို့ အလားသဏ္ဍာန်တူလဲဆိုတာကို အတိုင်းအတာတစ်ရပ်ထိ ဥပမာပြ ဆောင်ရွက်နိုင်ခွင့်ရှိထားတယ်။ သို့ပေမယ့် မိမိတို့ တော်လှန်ရေးအင်အားစုများ ဘာတွေဖြစ်နေလဲ။ သိရှိထားပြီးသားအတိုင်းပဲ၊ စစ်အုပ်စုမရှိတဲ့ ဒေသအများစုက အခြေအနေတွေဟာ ဥပမာပေးကောင်းလောက်အောင် မဖြစ်နေဘူး။ တရားဥပဒေစိုးမိုးမှုဆိုင်ရာ ပြဿနာတွေ၊ အခွန်အကောက်ယန္တရားဆိုင်ရာ ပြဿနာတွေ၊ သယံဇာတရေးရာပြဿနာတွေ၊ အချင်းချင်းကြားနယ်မြေအငြင်းပွားမှု ပြဿနာတွေ စသဖြင့်ဟာ မိမိတို့ ဖန်တီးထားတဲ့ အခြေအနေတွေအဖြစ် အခြေခံဒေသတွေမှာ ပေါ်ပေါက်နေရတယ်။ ဒါတွေဟာ ဖိနှိပ်ခံလူထုရဲ့ ဘဝပေးအသိကို ဝေဝါးစေတယ်။ ဒီလို ဝေးဝါးနေတဲ့ ဘဝပေးအသိနဲ့ နိုင်ငံရေးအသိအဖြစ် ထပ်မံ၍ တိုးတက်လာဖို့ မဖြစ်နိုင်ဘူး။

ဒီနေရာမှာ အရေးကြီးတဲ့ အတွေးအခေါ်တစ်ခုကို တင်ပြဖို့ လိုလာတယ်။ တော်လှန်ရေးဟာ အဟောင်းကို ဖယ်ရှားပြီး အသစ်ကို အစားထိုးတာဖြစ်တယ်ဆိုတဲ့ အတွေးအခေါ်ပါ။ မိမိတို့အနေနဲ့ သတိချပ်ဖို့ လိုတာက အဟောင်းကို ဖယ်ရှားရုံနဲ့ မပြီးဘူးဆိုတဲ့ကိစ္စဖြစ်တယ်။ အသစ်ကို အစားထိုးဖို့ လိုသေးတာကို မမေ့ဖို့ အရေးကြီးပါတယ်။ ဖိနှိပ်ခံလူထု လက်ရှိမှာ ဘဝပေးအသိအရ မေးလာတဲ့မေးခွန်းကလည်း ဒါပဲ ဖြစ်ပါတယ်။ အဟောင်းဖြစ်တဲ့ စစ်အုပ်စုကို ဖယ်ရှားပြီးရင် ရမယ့်အသစ်ဟာ ဘာလဲဆိုတာပါပဲ။ အဟောင်းကို ဖယ်ရှားပြီး အဟောင်းနဲ့ အစားထိုးရင်တော့ ဒါဟာ တန်ပြန်တော်လှန်ရေးသာလျှင်ဖြစ်သွားပါ့မယ်။ အသစ်ကိုသာ အစားထိုးရဖို့ ဖြစ်တယ်။

## နန်းကျဘုရင် နဲ့ တစ်မ်းကြောက်ရောဂါ

အသစ်ကို ဖန်တီးနိုင်ဖို့ ကိစ္စမှာ အဆင့် ၂ ခု ရှိနေတယ်။ ပထမအဆင့်က တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့်ဖြစ်ပြီး ဒုတိယအဆင့်က ဒေသဆိုင်ရာအဆင့်ဖြစ်တယ်။ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့်မှာ အသစ်ကို ဖန်တီးနိုင်ဖို့ကိစ္စမှာ စစ်အုပ်စု မရှိတော့ရင် ဖြစ်တည်လာမယ့် အနာဂတ် နိုင်ငံတော်သစ်နဲ့ ပက်သက်ပြီး ဖြစ်တယ်။ လက်ရှိအချိန်မှာ မိမိတို့ တော်လှန်ရေးအင်အားစုများကြား တစ်နိုင်ငံလုံးအတိုင်းအတာအရ စစ်အုပ်စုမရှိတော့ရင် ဘယ်လိုမျိုး အာဏာခွဲဝေမှုဆောင်ရွက်မယ်၊ နယ်မြေတွေဘယ်လိုပိုင်းခြားသတ်မှတ်မယ်၊ ဘယ်လိုအုပ်ချုပ်မှုစနစ်ကို ဆောင်ရွက်မယ် စသဖြင့် ခိုင်မာတဲ့ သဘောတူညီချက် မရရှိသေးဘူး ဖြစ်နေတယ်။ ဒါကြောင့် ဖိနှိပ်ခံလူထုကို ဝေဝါးစေတဲ့ နယ်မြေအငြင်း

ပွားမှုဆိုင်ရာ ပြဿနာတွေ ဖြစ်တည်လာခဲ့တာအပြင် တော်လှန်ရေးအင်အားစုများကြား ညီညွတ်မှုကို ပျက်စီးလာစေတယ်။

ဒီလို တစ်နိုင်ငံလုံးအတိုင်းအတာအရ အသစ်တစ်ခုကို ဖန်တီးဖို့ လုပ်ရမယ့် ဖြစ်စဉ်မှာ မိမိတို့ ချန်လှပ်ထားခဲ့ရမယ့်ကိစ္စ ၂ ခု ရှိတယ်။

ပထမတစ်ခုက နန်းကျဘုရင်စိတ်ဖြစ်တယ်။ မိမိတို့ ခေါင်းဆောင်တော်လှန်ရေးအင်အားစုများအနေဖြင့် စစ်အုပ်စုကိုသာ ဖယ်ရှားရေး ကူညီပံ့ပိုးပေးပါ။ စစ်အုပ်စုမရှိတော့လို့ မိမိတို့ အာဏာရလာတဲ့အခါ လူမျိုးစုများရဲ့ လိုလားချက်တွေကို ဖြည့်ဆည်းပေးပါ့မယ်ဆိုတဲ့ အခြေခံအတွေးဟာ နန်းကျဘုရင်စိတ် ဖြစ်ပါတယ်။ မိမိ အာဏာလက်လွတ်သွားလို့ နယ်စွန်နယ်ဖျားကို ထွက်ပြေးလာရပြီး၊ လူသူလက်နက် စုဆောင်းကာ နေပြည်တော်က ထီးနန်းကို ပြန်ယူဖို့လုပ်နေတဲ့ နန်းကျဘုရင်လိုမျိုး နန်းတက်ရင် ၎င်းကို ကူညီခဲ့သူများကို ဝန်ကြီး၊ ဝန်ကလေး ပေးမယ်လို့ ပြောတဲ့ နန်းကျဘုရင်စိတ်ဟာ အသစ်တစ်ခုကို ဖန်တီးဖို့နဲ့ ပက်သက်ပြီး ပိတ်ဆို့နေတဲ့ အတွေးအခေါ်ဖြစ်တယ်။ မိမိတို့အနေနဲ့ သတိချပ်ဖို့လိုတာက အသစ်တစ်ခုဟာ တစ်နိုင်ငံလုံးအတိုင်းအတာအရ စစ်အုပ်စုမရှိတော့မှသာ ဖန်တီးရမယ့်ကိစ္စ မဟုတ်ဘူး ဆိုတာပါ။ လက်ရှိမှာပင် မိမိတို့ စစ်အုပ်စု မရှိတော့တဲ့ ဒေသတွေ ရရှိလာနေပြီ ဖြစ်တယ်။ အဆိုပါ ဒေသတွေရဲ့ အုပ်ချုပ်စီမံပိုင်ခွင့်ဟာ မည်သူမှာ ရှိတာလဲ၊ မည်သို့ဆောင်ရွက်မှာလဲ၊ မည်သည့်အတိုင်း အတာနယ်နမိတ်အထိလဲဆိုတဲ့ မေးခွန်းတွေကို လက်ရှိမှာလည်း ဖြေနေရပြီ ဖြစ်ပါတယ်။

ဒုတိယတစ်ခုကတော့ တစိမ်းကြောက်ရောဂါ ဖြစ်တယ်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ဆိုတာကို လူမျိုးရေး အခြေခံမှနေ အစွန်းရောက်စွာ အနက်ဖွင့်မှု ဖြစ်စေတဲ့ မိမိတို့ လူမျိုးစုသာလျှင် ဒီဒေသတွေကို အလုံးစုံ အုပ်ချုပ် ပိုင်ဆိုင်တယ် ဆိုတဲ့ လူမျိုးစွဲစိတ်ကို ဆိုလိုတာပါ။ လက်ရှိအချိန်တွင် မိမိတို့ နိုင်ငံတွင်းမှာရှိတဲ့ လူမျိုးစုများအနေဖြင့် နိုင်ငံတစ်ခုကဲ့သို့ ချက်ချင်း ရပ်တည် လှုပ်ရှားပြီး နေထိုင်နိုင်ဖို့ အခြေအနေပေးမှု မရှိသေးပါ။ ဒါကြောင့် နိုင်ငံတစ်ခုထဲမှာပဲ တခြားသော လူမျိုးစုများဖြင့် အေးအတူ ပူအမျှ နေထိုင်ရဦးမှာဖြစ်ပါတယ်။ ဒီလိုအခြေခံမှာ လူမျိုးစုများအနေဖြင့် မိမိတို့ လူမျိုးစုရှိရာ ဒေသနဲ့တခြားသော လူမျိုးစုများရှိရာ ဒေသများကြား ပူးပေါင်းနေထိုင်နိုင်ဖို့၊ အာဏာခွဲဝေရေးနှင့် ပက်သက်၍ဖြစ်စေ၊ နယ်မြေခွဲဝေရေးနှင့်ပက်သက်၍ဖြစ်စေ အတိုးအလျှော့ လုပ်ကိုလုပ်ရမှာပဲ ဖြစ်တယ်။ တခြားသူများနှင့် မဆက်ဆံချင်ဘူး။ မိမိတို့ လူမျိုးစုသက်သက်သာ နေထိုင်ကြမည်ဆိုသည့် အခြေခံမှာ မဖြစ်နိုင်ပါ။ လက်ရှိအချိန်တွင် ပို၍ မဖြစ်နိုင်ပါ။ ဒါအပြင် ပို၍ အရေးကြီးသည့် ကိစ္စမှာ လက်ရှိအချိန်တွင် စစ်အုပ်စုကို လူမျိုးစုများအားလုံး ပူးပေါင်း၍ ချေမှုန်းဖို့ လိုအပ်နေသည့်ကိစ္စဖြစ်ပါတယ်။ စစ်အုပ်စုကို ရင်ဆိုင်ချေမှုန်းနေရသည့်အချိန်တွင် မိမိတို့ လူမျိုးစုသက်သက်သာ လွတ်မြောက်ရေးကို ဦးတည်ပြီး ဆောင်ရွက်လျှင် ယာယီအားဖြင့် စစ်အုပ်စု ပေးသနားတဲ့ အတုအယောင် အုပ်ချုပ်ခွင့်ကို ရနိုင်ပါလိမ့်မယ်။ သို့ပေမယ့် ဒါဟာ စစ်အုပ်စု အားနည်းနေချိန်တွင်သာ တည်တံ့မှာဖြစ်ပြီး အားကောင်းလာရင်တော့ အဲ့ဒီအတုအယောင်အုပ်ချုပ်ခွင့်ဟာ ပျက်စီးသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့ တစ်ဦး နှင့် တစ်ဦး ယုံ

ကြည်စွာ နိုင်ငံတော်သစ်တစ်ခုကို အုတ်မြစ်ချနိုင်ဖို့အတွက် လူမျိုးရေးအမြင်သက်သက်ဖြင့် မစဉ်းစားရန် လိုပါတယ်။ လက်ရှိအချိန်တွင် အင်အားကြီးနိုင်ငံများထဲမှလည်း စစ်အုပ်စုမရှိရင် မိမိတို့နိုင်ငံ အစိတ်စိတ်အမွှာမွှာပြိုကွဲသွားမလား စိုးရိမ်ပြီး စစ်အုပ်စုကို အားပေးထောက်ခံလာသူများပင်ပေါ်ပေါက်နေသလို လူမျိုးရေးအမြင်သက်သက်ဖြင့် စဉ်းစားမှုများကြောင့် အချင်းချင်းကြား အမြင်မကြည်လင်မှုများ ပေါ်ပေါက်ကာ ရန်သူကို ပစ်ရမည့် ကျည်ဆန်များကို မိတ်ဆွေများအချင်းချင်း ပစ်နေရပြီ ဖြစ်သည်။

**လွတ်မြောက်လွင်ပြင်**

ဒုတိယအဆင့်ဖြစ်တဲ့ ဒေသဆိုင်ရာအဆင့်ကို ဆက်လက်၍ ရှင်းလင်းခွင့်ပြုပါ။ မိမိတို့ကို ဖိနှိပ်ခံလူထုရဲ့ မြေတောင်မြှောက်ပေးတာကြောင့် အခြေခံဒေသတွေ ပိုင်ဆိုင်လာကြပါတယ်။ သို့ပေမယ့် အဆိုပါ အခြေခံဒေသအများစုမှာ ဖိနှိပ်ခံလူထုသည် စစ်အုပ်စုမရှိတော့ရင် ရရှိလာမည့် လွတ်မြောက်မှုရဲ့ အရသာကို မခံစားနိုင်သေးဘူး ဖြစ်နေတယ်။ ဒါဟာ မိမိတို့ အပေါင်းကို အစားမထိုးနိုင်သေးတဲ့ပြဿနာရဲ့အဆက်ဖြစ်ပါတယ်။ မိမိတို့ဟာ စစ်အုပ်စုကဲ့သို့ ခနအင်အား မရှိတာကြောင့် လူမှုဝန်ဆောင်ရေးလုပ်ငန်းတွေကို ပြည့်မှီစွာ မဆောင်ရွက်နိုင်ပါဘူး။ သို့ရာတွင် စစ်အုပ်စုမဆောင်ရွက်နိုင်တဲ့ တရားဥပဒေ စိုးမိုးမှု လုပ်ငန်းများ၊ နိုင်ငံရေး လွတ်လပ်ခွင့်ဆိုင်ရာ လုပ်ငန်းများ နှင့် အကန့်အသတ်ရှိသော လူမှုဝန်ဆောင်မှု လုပ်ငန်းများကို ဖော်ဆောင်ပြနိုင်ပါတယ်။ ကိုယ်အားကိုယ်ကိုးရေး အခြေခံမှုကို အရင်းတည်ပြီး ဖိနှိပ်ခံလူထုကို စည်းရုံးစုစည်းပြီး တော်လှန်ရေးထဲ တိုက်ရိုက်ပါဝင်လာနိုင်အောင် အစီအမံများ ချမှတ်ရမှာပဲ ဖြစ်ပါတယ်။ တရုတ်တော်လှန်ရေး နှင့် ဗီယက်နမ်တော်လှန်ရေးများထဲမှ သင်ခန်းစာများကို ယူနိုင်ပါတယ်။ မီးလောင်မြေမှာလည်း ပန်းပွင့်နိုင်ကြောင်းကို မိမိတို့ ဖိနှိပ်ခံလူထုကို စည်းရုံးစုစည်းပြီး လွတ်မြောက်လွင်ပြင်ရဲ့ အရသာကို ဖန်းတီးရမှာ ဖြစ်ပါတယ်။ လက်ရှိမှာတော့ ဖိနှိပ်ခံလူထုဟာ အခွန်အကောက်တွေ၊ တရားဥပဒေရေးရာ မမျှတမှုတွေ၊ နိုင်ငံရေးအရ ဖိနှိပ်ထားမှုတွေကို ဒေသအများစုမှာ ခံစားနေရပြီး အပေါင်းကို တော်လှန်ခဲ့ပေမယ့် အပေါင်းပဲ ပြန်ရတယ်လို့ ခံစားနေရပါတယ်။ မိမိတို့သာ လက်ရှိအခြေခံဒေသတွေကို လွတ်မြောက်လွင်ပြင်ကဲ့သို့ ဖန်တီးထားနိုင်ရင် စစ်အုပ်စုလက်အောက်မှ ဖိနှိပ်ခံလူထုအတွက် ဥပမာကောင်းဖြစ်လာပြီး ၎င်းတို့လည်း ထိုကဲ့သို့ နေထိုင်နိုင်ရန် အားထုတ်ကြိုးပမ်းလာမှာဖြစ်သလို မိမိတို့ အခြေခံဒေသမှ ဖိနှိပ်ခံလူထုသည်လည်း တော်လှန်ရေးကို အစွမ်းကုန် ထမ်းရွက်လာကြမှာ မလွဲကေန်ဖြစ်ပါတယ်။

အထက်မှာ တင်ပြခဲ့တဲ့ ဖြေရှင်းဖွယ်ရာတွေကို ဆောင်ရွက်နိုင်ခဲ့ရင် မိမိတို့ရဲ့ ဗဟိုဟန်ချက်ကို ထိန်းသိမ်း တိုးချဲ့ခြင်းမည်သလို စစ်အုပ်စုရဲ့ ဗဟိုဟန်ချက်ဖြစ်တဲ့ ၎င်းတို့မရှိရင် မိမိတို့ အဆင်ပြေမှာ မဟုတ်ဘူးဆိုတဲ့ ဇာတ်ကြောင်းကိုလည်း တိုက်ခိုက်ဖယ်ရှားနိုင်ခြင်း ဖြစ်ပါတယ်။ စစ်အုပ်စုကလည်း ဒါကို သိရှိနားလည်တဲ့အတွက် မိမိတို့ရဲ့ ဗဟိုဟန်ချက်ကို အစွမ်းကုန် တိုက်ခိုက်နေတာပဲ ဖြစ်တယ်။

**စစ်ရေးသက်သက်အမြင်**

ဒီလို စစ်အုပ်စုရဲ့အစွမ်းကုန် တိုက်ခိုက်မှုကို ကာကွယ်ရေးအတွက်ဖြစ်စေ၊ မိမိတို့ ဗဟိုဟန်ချက်ကို တိုးချဲ့ရေးအတွက်ဖြစ်စေ၊ ဆောင်ရွက်တယ်ဆိုတာကို စစ်အနိုင်တိုက်ရေး လမ်းစဉ်နဲ့လည်း အမှတ်မမှားစေချင်ပါဘူး။ စစ်အနိုင်တိုက်ရင် ရပြီ၊ ကျန်တာ အဆင်ပြေလိမ့်မယ်ဆိုတဲ့ စဉ်းစားမှုဟာ အင်မတန်မှ အောက်ခြေလွတ်တဲ့အယူအဆဖြစ်ပါတယ်။ စစ်ကို အနိုင်ရအောင်တိုက်တယ်ဆိုတာ သူ့ဘာသာ အကြောင်းမဲ့ ဖြစ်လာတာမဟုတ်ပါဘူး။ စစ်ကို နိုင်အောင် တိုက်နိုင်ဖို့ အခြေခံအားဖြင့် လူ၊ လက်နက်၊ ရိက္ခာ လိုအပ်ပါတယ်။ အဲ့ဒီ လူ၊ လက်နက်ရိက္ခာကို မည်သည့်နေရာကနေ ရမှာပါလဲ။ မိမိတို့ရဲ့ ၄ နှစ်ကျော်ကာလ တော်လှန်ရေးအတွေ့အကြုံအရဆိုရင် ဖိနှိပ်ခံလူထုရဲ့ မြေတောင်မြှောက်ပေးမှုကနေ ရလာတာ ဖြစ်ပါတယ်။ ဒါ့အပြင် စစ်ကိုအနိုင်တိုက်မယ်ဆိုရင် ပေးဆပ်ရတာတွေ ရှိပါတယ်။ အဲ့ဒီလို ပေးဆပ်ရတာတွေနဲ့ တန်တဲ့ အကျိုးအမြတ်တွေရမှသာလျှင် နိုင်အောင်တိုက်မှာ ဖြစ်ပါတယ်။ နိုင်အောင်တိုက်ဖို့လိုတဲ့ ပေးဆပ်မှုတွေ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

သေနတ်ဆိုတာဟာ မိမိတို့လက်ထဲ သူ့အလိုလိုရောက်လာတာ မဟုတ်သလို၊ အဲ့ဒီသေနတ်ကို ပစ်မယ့်လူဟာလည်း ဘာအကြောင်းရင်းကြောင့် ဘယ်သူကို သေနတ်နဲ့ ပစ်ရမှာလဲဆိုတဲ့၊ အကြောင်းခံတွေ လိုပါတယ်။ အကြောင်းခံမဲ့ပြီး မဖြစ်လာပါ။ စစ်အနိုင်တိုက်နိုင်ရေးသည် ရန်သူကို ချေမှုန်းမှုရမည်ဆိုတဲ့ အတွေးအခေါ်သက်သက်သာဆိုလျှင် မှန်နိုင်ပါတယ်။ သို့ပေမယ့် အဲ့ဒီထက် ပိုပြီး နိုင်ငံရေးအခြေခံမပါဘဲ၊ စစ်ချည်းသက်သက်သာ တိုက်ကြမယ်ဆိုတဲ့၊ စဉ်းစားမှုထိ ရောက်လာပြီဆိုရင်တော့ အင်မတန်မှ မှားယွင်းရာရောက်တဲ့ အတွေးအခေါ်ဖြစ်သွားပါမယ်။ ဘာလို့စစ်အနိုင်တိုက်မှာလဲဆိုတဲ့ အဖြေ မကြည်လင်ရင် စစ်အနိုင်တိုက်ရေးဟာ မဖြစ်နိုင်ပါဘူး။ ဒါကြောင့်မလို့ လက်ရှိ တော်လှန်ရေးရဲ့ ဗဟိုဟန်ချက်ဟာ နိုင်ငံရေးသာလျှင်ဖြစ်တယ်ဆိုတာကို ကျနော့်အနေနဲ့ တောက်လျှောက် တင်ပြနေတာ ဖြစ်တယ်။ နိုင်ငံရေးအရသာ စစ်ရေးအရ အောင်မြင်အောင် ဆောင်ရွက်နိုင်သလို၊ စစ်ရေးအောင်မြင်မှုက ရရှိလာတဲ့ အကျိုးအမြတ်တွေကိုလည်း ခိုင်မာအောင် ထိန်းသိမ်းတိုးချဲ့နိုင်မှာ ဖြစ်ပါတယ်။

**ဘယ်မှမရောက်တဲ့ရထား**

မိမိတို့နွေဦးတော်လှန်ရေးရဲ့ ရှေးဦးပိုင်းနှစ်များမှာ မိမိတို့ဟာ ဖိနှိပ်ခံလူထုကိုစည်းရုံးစုစည်းပြီး ဘဝအသိကနေ နိုင်ငံရေးအသိကို ရရှိလာစေခဲ့တာကြောင့် အထက်မှာ ဆိုခဲ့သလို့ အောင်မြင်မှုတွေ ရရှိလာခဲ့တယ်။ ဆက်လက်မနေထိုင်ချင်တဲ့ နေရာကနေ ထွက်ခွာလာတဲ့ လူတွေ စီးနင်းလာတဲ့ ရထားတစ်စင်းနဲ့ နှိုင်းရရင် အဲ့ဒီ ရထားတစ်စင်းကို စတင်မောင်းနှင်နိုင်အောင် လိုအပ်တဲ့ လူ နဲ့ ပစ္စည်းတွေ ရရှိခဲ့တာ ဖြစ်တယ်။ သို့ပေမယ့် အဲ့ဒီရထားဟာ ဘယ်ကိုသွားမလဲ မသိတဲ့အခါ၊ ဖိနှိပ်ခံလူထုထဲက၊ တချို့သောလူတွေ ရထားပေါ်ကနေ ခုန်ချသွားကြတာတွေရှိလာသလို၊ တချို့သော လူမျိုးစုတွေ ၎င်းတို့သွားချင်တဲ့ ပန်းတိုင်ရဲ့ အနီးဆုံးနေရာကို ရောက်တဲ့အခါ၊ ခုန်ဆင်းသွားတာတွေ ရှိလာတယ်။ ရထားကြီး ခုတ်မောင်းနိုင်အောင် ပံ့ပိုးထားတဲ့ ဖိနှိပ်ခံလူထုကြီး ကိုယ်တိုင်တောင် ဒီရထားကြီး

ဟာ သူတို့တကယ်သွားလိုတဲ့ပန်းတိုင်ကို ရောက်ပွဲမလား တွေဝေလာကြတယ်။

သို့ပေမယ့် ရထားကြီးကတော့ ပန်းတိုင်မရှိဘဲ ဆက်လက် ခုတ်မောင်းနိုင်နေဆဲဖြစ်ပါတယ်။ ဒါကလည်း စထွက်ခါစက ဖြစ်တည်လာတဲ့ မနေချင်တဲ့နေရာကနေ ထွက်ခွာကြမယ်ဆိုတဲ့အသိကြောင့်သာ ဖြစ်ပါတယ်။ ဘယ်သွားရမလဲဆိုတာကို မသိဘဲ မောင်းနေရတဲ့ ရထားဟာ ဘယ်လောက်မောင်းနှင် မောင်းနှင် ဘယ်မှရောက်တယ်လို့ မပြောနိုင်ပါဘူး။ ပိုဆိုးတာက ရထားဟာ မိမိတို့မနေချင်တဲ့နေရာကိုတောင် ပြန်ပြီး ရောက်သွားနိုင်ပါတယ်။ ဒါကြောင့် မိမိတို့ မောင်းနှင်နေတဲ့ရထားဟာ မိမိတို့ သွားချင်တဲ့နေရာဖြစ်တဲ့ ပန်းတိုင်ကို ရောက်အောင်သွားနိုင်ဖို့ ဆိုရင် ပန်းတိုင်ဟာ ဘာဖြစ်တယ်ဆိုတာကို အမြင် ကြည်လင်စွာ ရှိလာမှပဲ ဒီရထားကို ပန်းတိုင်ရောက်အောင် အားလုံး ဝိုင်းဝန်းဆောင်ရွက်ကြမှာ ဖြစ်ပါတယ်။ ဘယ်သွားမလဲ မသိရင်တော့ ဘယ်ကိုသွားနေ သွားနေ ရွေ့နေတယ်လို့ မပြောနိုင်ပါ။ နွေဦးတော်လှန်ရေးရဲ့ ပန်းတိုင်ဟာ အဟောင်းကို ဖယ်ရှားယုံမျှ မဟုတ်ပါ။ အသစ်ကို အစားထိုး ထူထောင်ခြင်းဖြစ်ကြောင်းကို ခိုင်မာစွာ နားလည်ပြီး အဆက်ပြတ်ခဲ့သော တော်လှန်ရေးရဲ့ နိုင်ငံရေးဦးဆောင်မှုကို ပြန်လည်ထူထောင်ကြဖို့ အချိန်ကောင်း ဖြစ်ပါတယ်။ ။

**မင်းလတ်ဥက္ကာ**

**ကျောင်းသား လူငယ်အသံ ကျောင်းသား လူငယ်အသံ ကျောင်းသား လူငယ်အသံ ကျောင်းသား လူငယ်အသံ**

၁၉၆၂ နေဝင်းစစ်တပ် အာဏာသိမ်းချိန်နောက်ပိုင်း ဇူလိုင်လ ၇ ရက်နေ့မှာ ဖြစ်ပွားခဲ့တဲ့ ဆဲဗင်းဂျူလိုင် ကျောင်းသားအရေးအခင်းအပါအဝင် ၁၉၆၉၊ ၁၉၇၄၊ ၁၉၇၅၊ ၁၉၇၆၊ ၁၉၇၇ ခုနှစ်တွေမှာ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး ကျောင်းသား၊ အလုပ်သမား လှုပ်ရှားမှုတွေကနေ အစပျိုးလာခဲ့တဲ့ ရှစ်လေးလုံးလူထုအရေးတော်ပုံကြီးက ၂၀၂၅ ခု ဩဂုတ်လ ၈ ရက်နေ့မှာ ၃၇ နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါတယ်။

ခေတ်အဆက်ဆက် ဒီမိုကရေစီအရေးတိုက်ပွဲဝင်ခဲ့ကြတဲ့ လူထုလူတန်းစားအသီးသီးရဲ့သွေးတွေမခြောက်သေးခင် အခုအချိန်ထိလည်း စစ်အာဏာရှင်စနစ်သက်ဆိုးရှည် အမြစ်တွယ်ဆဲပါပဲ။

သမိုင်းအဆက်ဆက် ဖိနှိပ်မှုအပေါင်း သရဖူဆောင်းခဲ့တဲ့ စစ်အာဏာရှင်တွေ သက်ဆိုးရှည်နေရတဲ့ အကြောင်းအရင်းနှင့် ပတ်သက်ပြီး သည်နေ့ခေတ်နွေဦးတော်လှန်ရေးမှာ တိုက်ပွဲဝင်နေကြတဲ့ ကျောင်းသားလူငယ်တွေရဲ့အမြင်တွေ မေးမြန်းထားခြင်းဖြစ်ပါတယ်။

"ကနေ့ခေတ် ၂၀၂၁ စစ်အာဏာသိမ်းပြီးနောက်မှာလည်း ကျောင်းသားလူငယ် တွေဟာ ရှေ့ဆုံးက တက်တက်ကြွကြွပါဝင်ပြီး စစ်အာဏာရှင်စနစ်ကို တော်လှန်ခဲ့ကြပါတယ်။ ဒီနွေဦးတော်လှန်ရေးမှာတော့ စစ်အာဏာရှင်စနစ် အမြစ်ပြတ်ရေးအတွက် လက်နက်ကိုင်တော်လှန်ရေးကို ကျယ်ကျယ်ပြန့်ပြန့်ဆင်နွှဲနေကြပါတယ်။ လက်နက်ကိုင်တော်လှန်နေတဲ့ တပ်ဖွဲ့တွေ၊ အဖွဲ့အစည်းတွေ အား လုံးအနေနဲ့ စစ်အာဏာရှင်နစ် လုံးဝ အမြစ်ပြတ်ရေး၊ စစ်အစိုးရ၊ စစ်အုပ်

စု၊ စစ်ဗျူရိုကရေစီယန္တရားစတဲ့ စစ်သုံးစစ်ကို လုံးဝ အမြစ်ပြတ်အောင် တိုက်ဖျက်နိုင်ဖို့ အရေးကြီးပါတယ်။

၈၈၈၈ အရေးတော်ပုံကြီးအပါအဝင် ခေတ်အဆက်ဆက် စစ်အာဏာရှင်စနစ်အတွင်း ပေါ်ပေါက်ခဲ့တဲ့ လူထုအရေးတော်ပုံတွေအတွင်းမှာ ကျဆုံးသွားခဲ့တဲ့ ရဟန်းရှင်လူပြည်သူလူထုရဲ့ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး စိတ်ဓာတ်ကို စွဲကိုင်ပြီး အဖိနှိပ်ခံပြည်သူလူထု လွတ်မြောက်ရေး၊ ပြည်သူ့ဒီမိုကရေစီ ရရှိရေးပန်းတိုင်ကို အရောက်လှမ်းကြရမှာ ဖြစ်တယ်။"

**ရဲဘော်ဟိန်းဇင်**
ဒု-စစ်ဦးစီးချုပ်
ပြည်သူ့လွတ်မြောက်ရေးတပ်မတော်

---

"၁၉၆၂ ခုနှစ်အာဏာသိမ်းဖြစ်စဉ်မှ ယနေ့တိုင် စစ်တပ်သည် နိုင်ငံရေးတွင် စစ်တပ်တည်မြဲရေးကို အစဉ်တစိုက် ကြိုးပမ်းခဲ့ရာ လူထုတရပ်လုံးကို အကြိမ်ကြိမ် ဖိနှိပ်ခဲ့ပြီး ဒီမိုကရေစနစ်နဲ့ လူ့အခွင့်အရေးချိုးဖောက်မှုကို စစ်တပ်ရဲ့ လုပ်ငန်းစဉ်တစ်ခုသဖွယ် ကျင့်သုံးနေတာ ကျောင်းသားပြည်သူတရပ်လုံး မျိုးဆက်အသီးသီးမှာ ခံစားခဲ့ရပါတယ်။ စစ်တပ်အာဏာတည်ဆောက်ရေးအတွက် ပုံရိပ်မက်လုံးတွေ ခြိမ်းခြောက်မှုတွေနဲ့ ပြည်သူလူထုတရပ်လုံးသာမက တိုင်းရင်းသားလူမျိုးစုအသီးသီးကိုပါ ဖိနှိပ်နေဆဲ ဖြစ်တယ်။

ဒီနိုင်ငံရဲ့ လူထုတော်လှန်ရေးခရီးကြမ်းတိုင်းမှာ ကျောင်းသားသမဂ္ဂမိခင် ခွပ်ဒေါင်းအလံတော်ကိုင်စွဲကာ လူထုတရပ်လုံး စစ်တပ်ရဲ့ အာဏာရှင်သန္ဓေဆိုးကို ယနေ့တိုင် တော်လှန်နေဆဲဖြစ်ပါတယ်။ခေတ်အဆက်ဆက် ကျောင်းသားအပေါင်း ပေးဆပ်ခဲ့သော အသက်သွေးပေါင်းများစွာဟာလည်း ခေတ်အဆက်ဆက် ဘယ်လောက်ပင်ဖိနှိပ်ခဲ့ပါစေ စစ်တပ်ရဲ့ ဖက်ဆစ်သန္ဓေနဲ့အာဏာရှင်စနစ်အား မီးမောင်းထိုးပြကာ တော်လှန်စိတ်ဓာတ်ကို ခေတ်အဆက်ဆက် တသွင်သွင် လက်ဆင့်ကမ်း စီးဆင်းဆဲဖြစ်ပါတယ်။ လာရာမတူ လားရာတူကြတဲ့ လူတန်းစားအလွှာပေါင်းစုံမှ ကျောင်းသားများသည် မိခင်သမဂ္ဂခွပ်ဒေါင်းအလံတော်အောက်တွင် ကျောင်းသားစိတ်ဓာတ် သမဂ္ဂစိတ်ဓာတ် ဖြင့် မမိတ်မသုန် စစ်အာဏာရှင်စနစ်အကြွင်းမဲ့ပျက်သုန်းရေးနဲ့ဖိနှိပ်ခံ လူထုတရပ်လုံးလွတ်မြောက်ရေး ခရီးကြမ်းကို လက်နက်ကိုင်တော်လှန်ရေးနည်းနာ၊ လူထုတော်လှန်ရေးနည်းနာဖြင့် ဆက်လက် တိုက်ပွဲဝင်နေဆဲဖြစ်ပါတယ်။"

**မယုဝေ**
ဒဂုံတက္ကသိုလ်ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌ

ကျောင်းသား လူငယ်အသံ ကျောင်းသား လူငယ်အသံ ကျောင်းသား လူငယ်အသံ

"ရှစ်လေးလုံး လူထုတိုက်ပွဲလိုမျိုး လူထုတိုက်ပွဲတွေဟာ ခေတ်အဆက်ဆက်ရှိခဲ့ပါတယ်၊ ယနေ့အချိန်ထိလည်း နွေဦးတော်လှန်ရေး တနည်းအားဖြင့် လူထုတိုက်ပွဲမှာ ကျွန်မတို့ လူထုလူတန်းစားအသီးသီးဟာ တော်လှန်တိုက်ပွဲဝင်နေဆဲပဲဖြစ်ပါတယ်။

သည်လိုစစ်အာဏာရှင်တွေသက်ဆိုးရှည် အမြစ်တွယ်နေတာဟာ ဘာကြောင့်လဲဆိုရင်တော့ ကျွန်မအမြင်အရတော့ အမြစ်တွယ်နေတဲ့ နိုင်ငံရေး ပြဿနာတွေကို နည်းမှန်လမ်းမှန် မဖြေရှင်းနိုင်ခဲ့တာကြောင့်လို့ ယူဆပါတယ်။

လွတ်လပ်ရေးရပြီးကာလမှကတည်းက လူမျိုးစုတွေနဲ့ ရှိခဲ့တဲ့ နိုင်ငံရေးပဋိပက္ခတွေကနေ စတင်ခဲ့တဲ့ ပထမဆုံးသော ၁၉၅၈ ခုနှစ် စစ်အာဏာသိမ်းမှုကနေ စတင်ပြီး ထပ်ကျော့ အာဏာသိမ်းမှုတွေဟာ ယနေ့ထပ်အထိပါပဲ။

ဒါကြောင့် ကျွန်မတို့နိုင်ငံရဲ့ ဖြစ်တည်လာခဲ့တဲ့ အခင်းအကျင်းတွေအရ အခုချိန်မှာ လက်နက်ကိုင်တော်လှန်ရေးကနေမှတဆင့် နိုင်ငံရေးပြဿနာတွေကို ဖြေရှင်းနိုင်ပြီး နိုင်ငံတော်သစ်ကိုဆက်လက် ချီတက်သွားကြဖို့ပါ။"

**မေကြူ**

ကျောင်းသားတပ်ဦး/ကျောင်းသားလက်ရုံးတပ်တော်

---

"ကျနော်တို့ ပြည်သူတွေဟာ ၁၉၆၂ အာဏာသိမ်းပွဲစတဲ့ အချိန်ကစလို့ ဒီနေ့အချိန်ထိ အကြောက်တရားတွေ၊ဖိနှိပ်မှုတွေနဲ့ပဲ စစ်အာဏာရှင်စနစ်အောက်မှာ ဖိနှိပ်အနိုင်ကျင့်ခံနေရတာပဲ ဖြစ်ပါတယ်။ ဒီဖိနှိပ်မှုတွေကို ရုန်းထွက်ပြီး ဆန့်ကျင်တိုက်ပွဲဝင်ခဲ့တာကလဲ ဒီနေ့လက်ရှိ နွေဦးတော်လှန်ရေးအထိ ခေတ်အဆက်ဆက် မျိုးဆက်အဆက်ဆက် ပေးဆပ်တိုက်ပွဲဝင်ခဲ့ကြတာဟာ သမိုင်းမှာ အထင်ရှား ရှိပြီးဖြစ်ပါတယ်။ ကျနော် ပြောချင်တာကတော့ လူထုကပဲ သမိုင်းကို ဆုံးဖြတ်ပါလိမ့်မယ်။

ကျနော်တို့ရဲ့ လက်တွေ့ပေးထားချက်တွေအရ အဖြေက ရှင်းနေပါပြီ ရက်စက်ကြမ်းကြုတ်တဲ့ စစ်အာဏာရှင်စနစ်ကို လက်နက်ကိုင်လမ်းစဉ်နဲ့သာလျှင် ရေရှည်ခုခံတော်လှန်အောင်ပွဲဆင်နိုင်မှာပဲ ဖြစ်ပါတယ်"

**ကိုထက်အောင်**

ဒုဥက္ကဋ္ဌ

ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်

တော်လှန်ရေးနှင့် အမျိုးသမီးရေး

# မဝတ်ရည်အောင်




၂၀၀၀ပြည့်နှစ်၊ ဇန်နဝါရီလ ၂၇ ရက်တွင် အဖ ဦးသန်းမောင် (ကွယ်လွန်)၊
အမိ ဒေါ်လှလှအေးတို့မှ ရန်ကုန်မြို့၌ မွေးဖွားသည်။
မွေးချင်း ငါးဦးအနက် အငယ်ဆုံးသမီး ဖြစ်သည်။ ငယ်မည် မီးမီး၊အပြုံး။
အ.ထ.က.(သုဝဏ္ဏ)တွင် ဆယ်တန်းအောင်မြင်ပြီး ၂၀၁၇ ခုနှစ်တွင် ဒဂုံတက္ကသိုလ်၌
သတ္တဗေဒဘာသာရပ်အထူးပြုဖြင့် ပညာသင်ယူခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် Unity &
Progress ဒဂုံတက္ကသိုလ် ကျောင်းသားအစည်းအရုံးသို့ ဝင်ရောက်ခဲ့သည်။
ဒဂုံတက္ကသိုလ် Cheer leaders အဖွဲ့တွင်လည်းပါဝင်ခဲ့သည်။ ထို့နောက်
ဒဂုံတက္ကသိုလ်ကျောင်းသားများသမဂ္ဂသို့ဝင်ရောက်ပြီး ကျောင်းသားအရေးကိစ္စများ
တွင် တက်တက်ကြွကြွ ဆောင်ရွက်ခဲ့သည်။
၂၀၂၀ ပြည့်နှစ်တွင် ဒဂုံတက္ကသိုလ်ကျောင်းသားများသမဂ္ဂ ရွေးကောက်ပွဲကို Unity &
Progress ကျောင်းသားများအစည်းအရုံး ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ကာ အနိုင်ရ
ရှိခဲ့သည်။
ဒဂုံတက္ကသိုလ်ကျောင်းသားများသမဂ္ဂ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊
တွဲဖက်အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။
၂၀၂၀ပြည့်နှစ် ကိုဗစ်ကပ်ရောဂါကာလအတွင်း ရောဂါထိန်းချုပ်၊ ကုသရေးအတွက်
Quarantine Center များတွင် စေတနာ့ဝန်ထမ်းအဖြစ် ထမ်းဆောင်ခဲ့သည်။ ရန်ကုန်

မြို့တွင်သာမက ရခိုင်ပြည်နယ်အထိသွားရောက်၍ စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်ခဲ့သည်။

၂၀၂၁ စစ်အာဏာသိမ်းပြီးနောက် ဒဂုံတက္ကသိုလ်ကျောင်းသားများသမဂ္ဂနှင့်အတူ စစ်အာဏာရှင်ဆန့်ကျင်ရေးလှုပ်ရှားမှုများတွင် တက်တက်ကြွကြွ ပါဝင်လှုပ်ရှားခဲ့သည်။

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်တွင် ဒဂုံတက္ကသိုလ်ကျောင်းသားများသမဂ္ဂ ရဲဘော် ၅ ဦးနှင့်အတူ စစ်တပ်၏ ဖမ်းဆီးခြင်းခံရသည်။ စစ်ကြောရေး၏ ပြင်းထန်သော နှိပ်စက်မှုများကြောင့် ဖမ်းဆီးခံရပြီး သုံးလအကြာတွင် လေဖြန်းဝေဒနာခံစားရသည်။

၂၀၂၂ ခုနှစ်၊ မတ်လ ၁၀ ရက်တွင် ပုဒ်မ ၅၀၅(က) ဖြင့် ထောင်ဒဏ် သုံးနှစ် ချမှတ်ခံရသည်။ ဧပြီလတွင် ဒိုက်ဦးအကျဉ်းထောင်သို့ပြောင်းရွှေ့ခံရသည်။ ထို့နောက် ကျန်းမာရေးဆိုးရွားလာသဖြင့် အင်းစိန်ထောင်သို့ ပြန်လည်ပြောင်းရွှေ့ခံရသည်။

၂၀၂၃ ခုနှစ်၊ ဖွန်လ ၂၇ ရက်နေ့တွင် ပုဒ်မ ၅၂(က) ဖြင့် ထောင်ဒဏ် ၄ နှစ်ချမှတ်ခံရရာ စုစုပေါင်း ထောင်ဒဏ် ၇ နှစ်ဖြစ်လာသည်။

အင်းစိန်အကျဉ်းထောင်အတွင်း ဆိုးရွားသော အကျဉ်းထောင်စနစ်များကြောင့် ဆေးကုသမှုလုံလောက်စွာမရရှိဘဲ ဒဏ်ရာအခံကြောင့် မကြာခဏတက်ခြင်း၊ သတိလစ်ခြင်း၊ နလုံးရပ်ခြင်းများ ဖြစ်ပွားခဲ့သည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက် နံနက် (၃) နာရီတွင် အင်းစိန်အကျဉ်းထောင်အတွင်း၌ ကျဆုံးခဲ့သည်။

**ဝေဒနာ ဆယ်ရက် (စက်တင်ဘာလ ၁၄ ရက်နေ့ မှ စက်တင်ဘာလ ၂၃ ရက်နေ့)**

ခေတ်တွေသာ ပြောင်းလဲသွားခဲ့တယ်။ စစ်အစိုးရ၏ ထုံးတမ်းစဉ်လာ ရက်စက်မှုများဟာ ပြောင်းလဲခြင်းမရှိကြောင်း မျက်ဝါးထင်ထင်အမြင်နိုင်ဆုံးနေရာဟာ စစ်ကြောရေး ဖြစ်တယ်။

နေရောင်ကို မမြင်နိုင်တဲ့ မီးမှိန်မှိန် အခန်းကျဉ်း၊ အကြိမ်ကြိမ် ပြန်ဖျက်နေပါလျက်နဲ့  လျော့ရဲသွားခြင်းမရှိတဲ့ နံရံပေါ်က ခံစားမှုဆိုင်ရာ ခြစ်ရာတွေဟာ ပြည့်နှက်လို့ …

'အမေ အမျှဝေပေးပါ .... ဖုန်းနံပါတ် 09×××××××××'

'အကယ်၍ တယောက်ယောက်က ဒီနေရာက လွတ်မြောက်ခဲ့ရင်ညီမလေးကို ရှာပေးပါ'

'သတိရတယ် အမေ'

'အမည် - မ×××'

အစရှိသဖြင့် ရက်စွဲတွေ၊ အမည်တွေ၊ ဒဏ်ရာတွေ ပြည့်နေတဲ့ အခန်းငယ်ရဲ့အေးစက်နေတဲ့ ကြမ်းပြင်ပေါ်မှာ နွေးထွေးတဲ့ စောင့်ရှောက်မှုဆိုတာ စောင်တထည်မှ မရှိဘဲ အရှင်လတ်လတ် ဝေဒနာကိုဖြတ်သန်းကြရပါတယ်။

အဲ့ဒီဝေဒနာထဲမှာ ရဲဘော်မဝတ်ရည်အောင်ဟာ ဆယ်ရက်တာ ဖြတ်သန်းခဲ့ရပါတယ်။

စစ်ဖိနပ်တွေ ကလာတဲ့ ခပ်ပြင်းပြင်းခြေသံတွေ၊ အခန်းတံခါး သော့ခလောက် ဖွင့်သံတွေအပြင် နောက်ထပ်ကြားနေရမယ့် အသံတွေဟာ

'အမေရေ ကယ်ပါဦး'

'ကျနော်နာလို့ပါ'

နာကျင်ညည်းတွားနေသံတွေ၊ ငိုသံတွေ၊ အဲ့ဒီအသံတွေကို ဖုံးလွှမ်းအောင် လုပ်နေတဲ့ ရိုက်နှက်သံတွေ၊ မာန်မဲနေတဲ့အသံတွေကို တချိန်လုံးကြား နေရပါတယ်။

မကြာခဏဆိုသလို အခန်းကျဉ်းထဲမှ မျက်စိကိုစည်း လက်ပြန်ကြိုးတုပ်၍ စစ်မေးချက်များ မှန်ကန်သည်ဖြစ်စေ၊ မှားယွင်းသည်ဖြစ်စေ အလှည့်ကျ ရိုက်နှက်ခြင်းများ၊ ကန်ကျောက်ခြင်းများ၊ ထိုးကြိတ်ခြင်းများစဉ်ဆက်မပြတ် ကျူးလွန်နေကြပြီး ရေနှင့်အစာရေစာဖြတ်တောက်ခြင်းများ၊ အပေါ့အပါးသွားခွင့်မပြုခြင်းအပြင် အတူပါလာသူများအားလွတ်မြောက်မှုပေးမည်ဟူသော အကြောင်းအရင်းပေးကာ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုများ၊ လိင်ပိုင်းဆိုင်ရာ စော်ကားမှုများအား ကျူးလွန်နေသော နေရာတခုဖြစ်တယ်။

အဲ့ဒီငရဲခန်းဟာ တရက်ဆိုတရက် ရှည်ကြာလွန်းပြီး အသက်ရှင်လျက်ပြန်လာဖို့ ခက်ခဲတဲ့ နေရာတခု ဖြစ်တယ်။ အဲ့ဒီထဲက အများစုဟာ ကျော်ဖြတ်နိုင်ခဲ့ရင်တောင် သေရာပါဒဏ်ရာများ ပါလာခဲ့ကြတယ်။

သူတို့ထဲက တယောက်ဖြစ်တဲ့ မဝတ်ရည်အောင်ဟာ ဦးခေါင်းသို့ ရိုက်နှက်ခြင်းများကြောင့် စတင်ကာ ဦးနှောက်အကြိတ်ရောင်ခြင်း စတင် ဖြစ်ပွားခဲ့ပြီး သတိလစ်ခြင်း၊ တက်ခြင်းနှင့် နှလုံးရပ်ခြင်းဆိုင်ရာလက္ခဏာများ မကြာခဏဆိုသလို ဖြစ်ပွားခဲ့သည်။

**နောက်တထပ်သော ငရဲခန်းသို့ ရွှေ့ပြောင်းခြင်း**

စစ်ကြောရေးကနေ လာခေါ်သွားတဲ့ အချုပ်ကားပြာပြာကြီးတွေဟာ အင်းစိန်ထောင်ဘူးဝမှာ ဆိုက်ပါတယ်။ ပထမဆုံးတံခါးကို စဝင်က တည်းက ပုံစံအနေအထားမျိုး ထိုင်ခိုင်းထားပြီး မေးခွန်းများစတင်မေးမြန်းပါတယ်။ မထင်ရင် မထင်သလို ဆဲဆိုခြင်းများ ၊ ရိုက်နှက်ခြင်းများ စတင်ပြုလုပ်ရာ နေရာဖြစ်ပြီး ဝါဒါလက်ပါးစေ အကျဉ်းသားအရာရှိများကို အသုံးပြုကာ လိုသလို ညှဉ်းပန်းနှိပ်စက်လေ့ရှိသော နေရာတခုလည်း ဖြစ်တယ်။

**ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အခြေအနေများ**

အကျဉ်းဦးစီးဌာန ၏ လည်ပတ်ပုံတွင် ခြင်ကိုက်သည်ဟု တင်ပြချက်ရရှိလျှင် အကျဉ်းသားများထံမှ ခြင်ဆေးဖြန်းရန် ပိုက်ဆံပြန်လည် ကောက်ယူသောနေရာဖြစ်သည်။

ယင်လုံအိမ်သာ ဟူ၍ မရှိ။ လူအများဖြင့်နေထိုင်ရသည်ဟူသော အကြောင်းပြချက်ဖြင့် ပန်ကာများ ၂၄ နာရီလည်ပတ်နေပြီး သံမံတလင်း သည် အမြဲအစဉ်အေးစက်နေသည်။

သို့သော် စောင်နှင့် လိုအပ်သော ပစ္စည်းများ ထုတ်ပေးခြင်းမရှိ။ သွင်းယူထားသော အဝတ်နှင့် ပစ္စည်းများအားလည်း လိုအပ်လျှင်လိုအပ်သလို သိမ်းယူသည်။ ထောင်နှစ်ရှည်ကာလ ကျ၍ လွတ်မြောက်သွားသူတို့ပင် အကျဉ်းဦးစီး၌ ကျန်းမာရေးစောင့်ရှောက်မှု ဟူ၍ ရှိသည်ကိုမသိပေ။

နိုင်ငံရေး အကျဉ်းသားများမှ တင်ပြ၍ ကိုယ့်ဆေးစရိတ်ဖြင့် ကိုယ်ဖွင့်ထားသော ဆေးခန်းအနည်းငယ် ထောင်အချို့တွင်ရှိသည်။ အချို့ထောင်များတွင်မရှိပေ။

အကျဉ်းဦးစီး မှ ဆေးဝါးကုသရန် လာရောက်ခေါ်ဆောင်သွားသည်နှင့် တပြိုင်နက် နောက်တနေ့တွင် ကြားရသည်မှာ နာရေးသတင်းပင် ဖြစ်သည်။ သွေးစစ်ခြင်း၊ ရောဂါရှာဖွေခြင်းများအား တကြိမ်တခါမှ မကြားဖူးပေ။ အကျဉ်းသားတဦးမှ အခြားတဦး၏ကျန်းမာရေး အခြေအနေအား တင်ပြခွင့်မရှိ။

မိမိတို့သမဂ္ဂမှ ရဲဘော်များနှင့် မိသားစုမှာ ထောင်တွင်းမှဖြစ်စေ၊ ပြင်ပမှဖြစ်စေ မဝတ်ရည်အောင်၏ ကျန်းမာရေး အခြေအနေနှင့် ပတ်သတ်သောတင်ပြချက်၊ တောင်းဆိုချက်များ အကြိမ်ကြိမ် ပြုလုပ်ခဲ့သော်လည်း အကျဉ်းဦးစီးမှ လျစ်လျူရှုခဲ့သည်။

အထက်ပါ အခြေခံလိုအပ်ချက်များပင် မပြည့်ဝသော အကျဉ်းဦးစီးထံတွင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာများ အပြည့်အဝ ရှိနေသည်ဟု လိမ်လည်ထွက်ဆိုနေခြင်းဟာ သေဆုံးသူတို့ အပေါ် ပြစ်မှုထပ်မံ ကျူးလွန်နေခြင်းသာဖြစ်သည်။

**နိုင်ငံရေး အကျဉ်းသား**

စစ်ကောင်စီပိုင်မီဒီယာများမှ လက်ရှိတည်ဆဲ ဥပဒေများကို ကျူးလွန်ထား၍ မဝတ်ရည်အောင်မှာ နိုင်ငံရေးအကျဉ်းသား မဟုတ်ဟု ဝါဒ ဖြန့်ချီထားသည်။ ခေတ်အဆက်ဆက်တွင် အရှက်အမဲ့ဆုံးသော စစ်အစိုးရဖြစ်သည်ဟု မိမိတို့သမဂ္ဂမှ ပြောကြားလိုသည်။ ဘယ်သူတွေသတ်ခဲ့သလဲ။

အထက်ပါ အကြောင်းအရင်းများအရ

မဝတ်ရည်အောင်ကျဆုံးရခြင်းမှာ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အကြောင်းအရင်း တခုတည်းသာ မဟုတ်ပေ။ အကျဉ်းဦးစီးနှင့် စစ်ကြောရေးမှ ပူးပေါင်းသတ်ဖြတ်ခဲ့ခြင်းဖြစ်တယ်။

**အကျဉ်းသားအခွင့်အရေး**

သေမှရရှိနိုင်သော လွတ်ငြိမ်းချမ်းသာခွင့်ကို မိမိတို့မလို။

အလုံပိတ်ထားသော နံရံကြီးထဲတွင် မိမိတို့ရဲဘော်များမှာ အကျဉ်းသားအခွင့်အရေးကို ရရှိနိုင်မည်ဟု မိမိတို့မယုံကြည်ပေ။

ထိုကြောင့် အလုံးစုံလွတ်မြောက်ရေးအတွက် အဆုံးထိတိုက်ပွဲဝင်သွားမည်ဟု ကတိသစ္စာပြုသည်။ ထိုပြင် မဝတ်ရည်အောင် အသက်ရှိ စဉ်က ပြောကြားခဲ့သော နောင်မျိုးဆက် ရွှေထီးဆောင်းရန် မြေကြီးဆန်ဆန် တိုက်ပွဲဝင်သွားရင်း မဝတ်ရည်အောင် ကျဆုံးမှုအတွက်လည်း တရားမျှတမှု ရှာဖွေသွားမည်ဖြစ်သည်။

**အာဇာနည်ဘွဲ့အပ်နှင်းခြင်း**

ဇူလိုင်လ (၂၇) ရက်နေ့ရက်စွဲဖြင့် မိခင် ဒဂုံတက္ကသိုလ်ကျောင်းသားသမဂ္ဂမှ မဝတ်ရည်အောင်အား ကျောင်းသားအာဇာနည်ဘွဲ့ အပ်နှင်းခဲ့သည်။ ။


**ဒဂုံတက္ကသိုလ်ကျောင်းသားများသမဂ္ဂ**

STUDENT ARMED FORCE

## စစ်ရေးဆိုင်ရာ

# ရန်သူ့အချက်အချာအနောက်ဘက်စစ်မျက်နှာ

**ခက်သွယ်**




လက်ရှိ တော်လှန်ရေးရဲ့ ထိုးစစ်တွေအကြောင်း ပြောတဲ့အခါမှာ အနောက်ဘက်စစ်မျက်နှာဟာ မဟာဗျူဟာအရ အခရာကျတဲ့ စစ်မျက်နှာတခုအနေနဲ့ မဖြစ်မနေထည့်သွင်း စဉ်းစားရမှာပါ။ ရခိုင်ရိုးမတကြောကနေ ခြေကုပ်ယူပြီး မြေပြန့်လွင်ပြင်ကို ဦးတည်နေတဲ့ တော်လှန်ရေးအင်အားစုတွေရဲ့ ထိုးစစ်တွေဟာ တော်လှန်ရေးရဲ့ စိုးမိုးထိန်းချုပ်နယ်မြေ ကျယ်ပြန့်အားကောင်းလာရေးအပြင် စစ်အုပ်စုရဲ့ အခြေစိုက်စစ်ဆင်ရေးကွပ်ကဲမှုစခန်းတွေ၊ အမြောက်တပ်တွေနဲ့ လက်နက်စက်ရုံတွေကို ခြိမ်းခြောက်ထားနိုင်တာကြောင့် ဖြစ်ပါတယ်။ လေးနှစ်တာကာလအတွင်း ရခိုင်ရိုးမ နောက်ခံပြုပြီး စစ်ဆင်ရေးဖော်ဆောင်လာခဲ့တဲ့ မိမိတို့ တပ်ဦး/တပ်တော်ဟာလည်း ယခုနှစ်အစောပိုင်းကစလို့ မြန်မာနိုင်ငံအလယ်ပိုင်းထိုး ဖောက်ဝင်ရောက်နိုင်ရေး စစ်ရေးရည်မှန်းချက် ချမှတ်ထားပြီး မကွေးတောင်ပိုင်းဒေသမှာ ရန်သူကို ထိုးစစ်ဆင် ချေမှုန်းလျက်ရှိပါတယ်။

မေလ နှင့် ဇွန်လအတွင်းမှာ မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ် ၊ နတ်ရေကန်စခန်းအနီးတဝိုက်နဲ့ မင်းလှမြို့နယ်၊ ပုသိမ်-မုံရွာ အဝေးပြေးလမ်းမကြီးပေါ်က ကန်တုပ်စခန်း အနီးဝန်းကျင်မှာ မိမိတို့စစ်ဆင်ရေးရဲဘော်တွေနဲ့ စစ်ကောင်စီ တပ်တွေ ထိတွေ့တိုက်ပွဲငယ် ၅ ခါထက်မနည်း ဖြစ်ပွားခဲ့ ပြီး

ရန်သူ့ရဲ့ကာကင်းစခန်းကို စီးနင်းတိုက်ခိုက်မှုများလည်း ရှိခဲ့ပါသည်။ CDF Asho နဲ့ ပူးပေါင်းပြုလုပ်ခဲ့တဲ့ ရန်သူ့စစ်ကြောင်းကို မိုင်းဆွဲတိုက်ခိုက်ခဲ့တဲ့ စစ်ဆင်ရေးအတွင်းမှာ MA-1 နဲ့ အခြား လက်နက်ခဲယမ်းတွေ သိမ်းဆည်းရရှိခဲ့ပါတယ်။

ဇူလိုင်လဆန်းကစလို့ စစ်ကောင်စီဟာ အင်အားရာချီသုံးပြီး ပုသိမ်-မုံရွာလမ်းမကြီးတလျှောက် စစ်ကြောင်းထိုးနေပြီး စစ်ကြောင်းတလျှောက် ကျေးရွာတွေကို မီးရှို့ဖျက်ဆီးတာ၊ ဒေသခံအရပ်သား တွေကို သတ်ဖြတ်တာတွေ ပြုလုပ်လာပါတယ်။ ဇူလိုင်လ ၁၁ ရက်က ကျောက်ဆုံရွာကို စစ်ကြောင်းထိုးဝင်ရောက်လာပြီးနောက် နေအိမ်တွေကို မီးရှို့ ဖျက်ဆီးခဲ့ပါတယ်။ စစ်ကြောင်းထွက်သွားပြီးနောက် ဇူလိုင် ၁၈ ရက်မှာ စစ်ဘေးရှောင်နေတဲ့ ဒေသခံတွေ နေရပ်ပြန်လည်ဝင်ရောက်နိုင်ဖို့ မိမိတို့ ပြည်သူ့ ရေးရာဌာနကြီးက ရဲဘော်များနဲ့ စစ်ဆင်ရေးရဲဘော်များက ကျောက်ဆုံရွာကို နယ်မြေရှင်းလင်းရေး ဝင်ရောက်ချိန်မှာ ရန်သူ့စစ်ကြောင်းက ဖမ်းဆီးပစ်သတ်ထားခဲ့တဲ့ အသက် ၂၅ နှစ်ဝန်းကျင် အမျိုးသမီးတဦး နဲ့ အသက် ၄၀ နှစ်ဝန်းကျင် အမျိုးသားတဦးတို့ရဲ့ ရုပ်အလောင်းကို မီးရှို့ခံထားရတဲ့ နေအိမ်တွေနဲ့အတူ တွေ့ရှိခဲ့ရပါတယ်။ စစ်ကောင်စီစစ်ကြောင်းဟာ လက်ရှိမှာလည်း လက်ပံတခါးကျေးရွာကို ဆက်လက်ဝင်ရောက်နေပြီး နေအိမ်တွေ မီးရှို့နေဆဲဖြစ်ပါတယ်။

စစ်ကောင်စီက အခုလိုမျိုး အနောက်ဘက်စစ်မျက်နှာကို အင်အားအများအပြားအသုံးပြုပြီး ထိုးစစ်ဆင်နေတာတွေဟာ နှစ်ကုန်ပိုင်းမှာ ပြုလုပ်ဖို့ရည်ရွယ်ထားတဲ့ ရွေးကောက်ပွဲအတွက် နယ်မြေစိုးမိုးမှုရရှိနိုင်ဖို့ နဲ့ အစောပိုင်းမှာ ပြောခဲ့သလို အနောက်ဘက်စစ်မျက်နှာဟာ ပဒါန်းတပ်နယ်ဖြစ်တဲ့ မစခ ၉၀၅၊ အမတ ၄၀၉၊ ငဖဲတပ်နယ်ဖြစ်တဲ့ အမတ ၃၇၅၊ ကပစ ၁၄ တို့ တည်ထားတဲ့ ၎င်းတို့အတွက် ဗျူဟာကျတဲ့စစ်မျက်နှာဖြစ်တာကြောင့် တော်လှန်ရေးတပ်တွေရဲ့ ထိုးစစ်တွေကို အပြင်းအထန်ကာကွယ်နေတာပဲ ဖြစ်ပါတယ်။

လက်ရှိမှာ စစ်ကောင်စီဟာ အနောက်ဘက်စစ်မျက်နှာတင်မကဘဲ တနိုင်ငံလုံးအတိုင်းအတာနဲ့ အင်အားအလုံးအရင်းသုံး ထိုးစစ်ဆင်နေတာကို တွေ့ရပါတယ်။ ရွေးကောက်ပွဲ ဦးတည်ချက်နဲ့ စစ်ကိုင်း နဲ့ မကွေးကို ဗျူဟာကျ ထိုးစစ်ဆင်နေတယ်ဆိုတဲ့ သုံးသပ်ချက်တွေလည်း ရှိနေပါတယ်။ ဒီအချိန်မှာ တော်လှန်ရေးအင်အားစုတွေက လက်ဦးမှုရယူပြီး စိုးမိုးထိန်းချုပ်နယ်မြေတွေ ကျယ်ပြန့်လာဖို့နဲ့ရရှိထားပြီးသား အခြေခံဒေသတွေကို အခိုင်အမာ ခုခံထားနိုင်ဖို့ လိုအပ်ပါတယ်။ တပ်ဦး/တပ်တော်အနေနဲ့လည်း ရန်သူ့ထိုးစစ်တွေရဲ့ ထောက်တိုက်တွေဖြစ်တဲ့ ကပစတွေကို ဦးတည်တိုက်ခိုက်သွားမှာဖြစ်ပြီး မိမိတို့ လှုပ်ရှားစစ်ဒေသတွေဖြစ်တဲ့ စစ်ကိုင်း နဲ့ မကွေးစစ်မျက်နှာအသီးသီးကနေမြေပြန့်လွင်ပြင်ထိုးစစ်ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ဖို့ မဟာမိတ်အင်အားစုအသီးသီးနဲ့အတူ ပူးပေါင်းဖော်ဆောင်သွားမှာဖြစ်ပါတယ်။ ။

**ခက်သွယ်**

# စစ်ရေးဆိုင်ရာ

# MG - 3 (သို့မဟုတ်) ဖျက်အားပြင်း ငါးကြင်းတကောင်




အပိုင်း(၁)

**ခက်း**

MG3(Machinegewehr 3)ဆိုတာကတော့ ကျွန်တော်တိုနဲ့ရင်းနှီးပြီးသား အလတ်စားစက်သေနတ် (Medium Machine Gun) တမျိုးပဲ ဖြစ်ပါတယ်။ သူ့ရဲ့ဒင်ပိုင်းဟာ ငါးကြင်းရဲ့အမြီးနဲ့သဏ္ဍာန်တူတာကြောင့် သူ့ကို MG3 ဆိုတဲ့အမည်ထက် ငါးကြင်းမြီးရယ်လို့ ကျွန်တော်တိုနိုင်ငံမှာ လူသိများပါတယ်။ လက်ရှိမှာ ငါးကြင်းမြီးကို ရန်သူ စစ်ကောင်စီရော၊ တော်လှန်ရေးတပ်ဖွဲ့တွေမှာရော တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြပါတယ်။

သူ့ရဲ့သမိုင်းကြောင်းကိုပြောရရင် ဒုတိယကမ္ဘာစစ်အတွင်းက နာဇီတို့ရဲ့နာမည်ကြီး MG42 စက်သေနတ်က စပြောရမှာဖြစ်ပါတယ်။ ပထမကမ္ဘာစစ်အပြီး စစ်ဘက်ဆိုင်ရာသုံး စက်သေနတ်တွေ အဆင့်မြှင့်တင်ရာကနေ MG13 (1930s)၊ MG34 (1934) မှတဆင့် ဈေးသက်သာ၊ ထုတ်လုပ်ရလွယ်ကူပြီး ပစ်နှုန်းမြန်ဆန်တဲ့ MG42 ကို 1942 မှာ တရားဝင်ထုတ်လုပ်လာခဲ့ပါတယ်။ MG (Machinegewehr) က Machine Gun လို့ အဓိပ္ပာယ်ရပြီး၊ နောက်က 42 ကတော့ ထုတ်လုပ်တဲ့ခုနှစ်ဖြစ်ပါတယ်။ MG42 ကတော့ 7.92 × 57mm Mauser ကျည်သုံးစက်သေနတ်အမျိုးအစားဖြစ်ပါတယ်။ MG42 ကို ဒုတိယကမ္ဘာစစ်အတွင်း တွင်တွင်ကျယ်ကျယ်သုံးခဲ့ပြီး ဂျာမန်တို့အတွက် အလွန်အရေးပါတဲ့ လက်နက်ဖြစ်ခဲ့ပါတယ်။ ထင်ရှားတဲ့ ဥပမာပြရရင် နော်မန်ဒီကမ်းတက်တိုက်ပွဲ (Normandy Landing) D Day (6.6.1944) အတွင်း အိုမာဟာကမ်းခြေတိုက်ပွဲ (Omaha Beach) မှာ ဂျာမန်တို့ဟာ ကမ်းခြေတလျောက် ခံတပ်၊ ဘန်ကာတွေ အတွင်းမှာ MG34 နဲ့ MG42 စက်သေ နတ်တွေကို ဗျူဟာမြောက်တပ်ဆင် နေရာချထားခဲ့ပါတယ်။ အထူးသဖြင့် MG42 ရဲ့ တမိနစ်ကို ကျည် 1500 ထိ ပစ်ခတ်နိုင်တဲ့ ကျည်ထွက်နှုန်းဟာ အမေရိကန်စစ်သားများ ကမ်းတက်ချိန် ကျည်မိုးရွာသလို ပစ်အားပေးနိုင်ခဲ့ပါတယ်။ အကာအကွယ်မရှိ ပွင့်နေတဲ့ကမ်းခြေမှာ မဟာ မိတ်စစ်သားတွေ အစုလိုက်အပြုံလိုက် ကျ



**ဒုတိယကမ္ဘာစစ်အတွင်းက ဂျာမန်စစ်သားတစ်ဦးနှင့် MG42**

ဆုံးခဲ့ရပါတယ်။

MG42 ရဲ့ ကျည်ထွက်နှုန်းဟာ တမိနစ်ကို 900 မှ 1500 ထိရှိပြီး ကျည်ထွက်နှုန်း အလွန်မြင့်မားတာကြောင့် ပစ်ခတ်သံဟာ တတောင့်ချင်းသံ မကြားရဘဲ လွှစက်ဖြတ်သလို အတွဲရှည်သံသာထွက်ပေါ်ပါတယ်။ ဒါကြောင့် မဟာမိတ်စစ်သားများကြား ဟစ်တလာရဲ့လွှစက် (Hitler's Buzzsaw) ဟု အမည်တွင်ပြီး ရန်သူကို စိတ်ပိုင်းဆိုင်ရာအရ ခြိမ်းခြောက်မှုပေးနိုင်တဲ့ လက်နက်တမျိုးပဲဖြစ်ပါတယ်။

MG3 အကြောင်း ဆက်ရရင် ဒုတိယကမ္ဘာစစ်အပြီး အနောက်ဂျာမနီ (West Germany) မှာ ဖက်ဒရယ်ကာကွယ်ရေးတပ်ဖွဲ့ (Bundeswehr) ကို 1955 မှာဖွဲ့စည်းခဲ့ပါတယ်။ တပ်ဖွဲ့အတွက် MG42 ရဲ့ စွမ်းဆောင်ရည်ရှိတဲ့ စက်သေနတ်အသုံးပြုလို့လာကြပါတယ်။ အနောက်ဂျာမနီဟာ NATO (North Atlantic Treaty Organization) အဖွဲ့ဝင်နိုင်ငံဖြစ်တဲ့အလျောက် NATO ရဲ့ လက်နက်စံနှုန်းများအတိုင်း အသုံးပြုရမှာဖြစ်တဲ့အတွက် MG42 ကို 7.62 × 51mm NATO ကျည် အသုံးပြုနိုင်ရန် မွမ်းမံရာမှ MG1 စတင်လာခဲ့တယ်။ 1950 ပြည့်နှစ်လွန် ကာလမှာ Rheinmetall လက်နက်စက်ရုံက ထုတ်လုပ်ခဲ့ပါတယ်။ MG1 ဟာ 7.62×51mm NATO ကျည် ပြောင်းလဲသုံးစွဲတဲ့ ပထမဆုံးဗားရှင်းဖြစ်ပြီး ကျည်ခါးပတ်စနစ်မှာတော့ ယခင် ဂျာမန် DM1 ပုံစံကိုသာ ဆက်လက်အသုံးပြုခဲ့ပါတယ်။

MG1 ကတဆင့် ထပ်မံမွမ်းမံခဲ့ရာ MG1A1 ဖြစ်ပြီး NATO ကျည်နဲ့ကိုက်ညီတဲ့ ချိန်ရွယ်မှု မြင်ကွင်း sights တပ်ဆင်ခြင်းဖြစ်ပြီး အသေးစားပြောင်းလဲမှုသာ ဖြစ်ပါတယ်။ MG1A1 ကနေ သိသာထင်ရှားသော ပြောင်းလဲမှုဟာ MG1A2 ဖြစ်လာပါတယ်။ MG1A2 ဟာ ကျည်ထွက်နှုန်းကို ထိန်းချုပ်ခဲ့ပြီး မူလ MG42 ရဲ့ တမိနစ်ပစ်နှုန်း (1200 - 1500) တောင့် မှ (700 - 900) တောင့်ထိ လျှော့ချခဲ့ပါတယ်။ အဲ့အတွက် သင့်လျော်တဲ့ ပိုလေးတဲ့မောင်းတုံး၊ မောင်းတုန်းနဲ့လျော်ညီတဲ့ ပွတ်တိုက်မှုကြားခံတွေကို ပြောင်းလဲခဲ့ပါတယ်။

နောက်တခုက ကျည်ခါးပတ်စနစ်မှာ ယခင် ဂျာမန် DM1 အပြင် NATO စံနှုန်း M13 ကျည်ခါးပတ်များပါ အသုံးပြုလာနိုင်ခဲ့ပါတယ်။ နောက်ပိုင်းမှာ အဆိုပါ MG1A2 ပုံစံအတိုင်း MG 2 ဆိုပြီး ထုတ်လုပ်ခဲ့ပါတယ်။ MG1A3 အနေနဲ့ အဓိကပြောင်းလဲမှုကတော့ ခရိုမီယမ် (chromium) ပြောင်း ထည့်သွင်းခဲ့တာဖြစ်ပါတယ်။ တခြားအနေဖြင့် မောင်းတံ(bolt)၊ နှစ်ချောင်းထောက် (bipod) တိုးတက်လာခဲ့



**နော်မန်ဒီကမ်းခြေရှိ ဂျာမန်တို့ရဲ့ဘန်ကာအတွင်းမှ MG 42**



**US Army မှ စမ်းသပ်ပစ်ခတ်နေသော သုံးချောင်းထောက် (Tripod) တပ်ဆင်ထားသော MG 3**

ခြင်းတို့ပဲ ဖြစ်ပါတယ်။ 1968 မှာ MG1A3 ကိုမွမ်းမံပြီး နောက်ဆုံး MG3 ဖြစ်ပေါ်လာပါတယ်။

MG3 မှာပြောင်းလဲမှုတွေကတော့ ကျည်ထွက်နှုန်း ချိန်ညှိလာနိုင်တာပါပဲ။ မောင်းတုံးအလေးချိန်ပေါ်မူတည်ကာ ကျည်ထွက်နှုန်းကို ချိန်ညှိနိုင်ပါတယ်။ စံသတ်မှတ်ထားတဲ့ မောင်းတုံး (650g/22.93 oz) နဲ့ဆို ကျည်ထွက်နှုန်း တမိနစ်ကို 1000 မှ 1200 တောင့် ထိထွက်ပြီး ပိုလေးတဲ့ မောင်းတုံး (900g/31.75 oz)နဲ့ဆို 800 မှ 950 ကြား ပစ်ခတ်နိုင်ပါတယ်။ နောက်တခုက ကျည်ထွက်နှုန်းကြောင့်ဖြစ်ပေါ်လာတဲ့ မြင့်မားတဲ့အပူချိန်နဲ့ ဖိအားဒဏ်တွေကို ခံနိုင်ရည်ရှိအောင် ပိုမိုကောင်းမွန်တဲ့ လက်နက်အတွင်းပိုင်း အစိတ်အပိုင်းတွေနဲ့ ပြောင်းလဲတပ်ဆင်ခဲ့တာဖြစ်ပါတယ်။

MG3 ဟာ သူ့ရဲ့ မြင့်မားတဲ့ကျည်ထွက်နှုန်းကြောင့် ရန်သူအပေါ်ဖိအားပေးနိုင်ခြင်း၊ အသံနဲ့စိတ်ပိုင်းဆိုင်ရာအရခြိမ်းခြောက်နိုင်ခြင်း၊ စစ်ပွဲအတွင်း အကြမ်းခံနိုင်ခြင်း၊ အဆက်မပြတ်ပစ်ခတ်မှုကြောင့် သေနတ်ပြောင်း ပူလာတဲ့အခါ လျှင်မြန်စွာလဲလှယ်နိုင်ခြင်း၊ သာမာန် ခြေလျင်သုံး နှစ်ချောင်းထောက်ဖြင့် အသုံးပြုခြင်းအပြင် သုံးချောင်းထောက်ဖြင့် ပစ်ခတ်မှုများအား တည်ငြိမ်စွာ အသုံးပြုနိုင်ခြင်း၊ ကားများ၊ စစ်သင်္ဘောများ၊ သံချပ်ကာယာဉ်များ၊ ရဟတ်ယာဉ်များတွင် တပ်ဆင်အသုံးပြုနိုင်ခြင်း စတဲ့ အားသာချက်တွေကြောင့် 1968 ကထုတ်လုပ်ခဲ့တဲ့ MG3 နဲ့သူ့ရဲ့ဆက်စပ်အမျိုးအစားတွေကို နိုင်ငံ

ပေါင်း သုံးဆယ်ကျော်က စစ်တပ်တွေမှာ နှစ်ပေါင်း ခြောက်ဆယ်ကြာအသုံးပြုနေကြတာပဲ ဖြစ်ပါတယ်။



**ပြည်သူ့စစ်များ လေ့ကျင့်နေသော စစ်ကောင်စီထုတ် MA-15**

မြန်မာစစ်ကောင်စီအနေနဲ့လည်း MG3 ကို လိုင်စင်ယူကာ MA-15 အဖြစ် ထုတ်လုပ်ခဲ့ပါတယ်။ ကျည်အမျိုးအစားက MG3 အတိုင်း 7.62×51mm သုံးပြီး၊ သေနတ်အလေးချိန် - 10kg (22lb) နှစ်ချောင်းဒေါက်အလေးချိန် - 1.9kg (4.2lb) ရှိပြီး စုစုပေါင်း 11.9kg (26.2lb) ရှိပါတယ်။ ထိရောက်မှုအကွာအဝေး 1200m ရှိပြီး အဝေးဆုံးပစ်နိုင်တဲ့အကွာအဝေးကတော့ 4000m ရှိပါတယ်။ တမိနစ်ကျည်ထွက်နှုန်းက 1000 မှ 1300 ပစ်ခတ်နိုင်ပါတယ်။ နှစ်ချောင်းထောက်(bipod) နဲ့ဆို 800m ထိ ထိရောက်တဲ့အကွာအဝေးရှိပြီး သုံးချောင်းထောက်(tripod) နဲ့ဆို 1200m ထိ ထိရောက်စွာပစ်ခတ်နိုင်ပါတယ်။

MA-15 ကို စစ်ကောင်စီက 2000 ခုနှစ် အစောပိုင်းမှာ စတင်ထုတ်လုပ်အသုံးပြုခဲ့တယ်လို့ ယူဆရပါတယ်။ 2000 နှောင်းပိုင်း EAO တွေနဲ့တိုက်ပွဲတွေမှာ အသုံးပြုခဲ့တာ တွေ့ရပါတယ်။

အချုပ်အားဖြင့် MG3 ဟာ သူ့ရဲ့ ပစ်အား၊ အကြမ်းခံမှု၊ ဘက်စုံအသုံးပြုနိုင်မှုတွေကြောင့် နှစ်ပေါင်းများစွာ ကြာသည့်တိုင် အသုံးဝင်နေဆဲ၊ အသုံးပြုနေဆဲ စက်သေနတ် တလက်ပဲဖြစ်ပါတယ်။

ယခု ဆောင်းပါးမှာတော့ MG-3 ငါးကြင်းမြီးစက်သေနတ်ရဲ့ သမိုင်းကြောင်းကို အသားပေး ဖော်ပြထားပါတယ်။ နောက်တပိုင်းမှာတော့ စစ်ဆင်ရေးအတွင်း အသုံးပြုပုံများနဲ့ ဆက်စပ်အကြောင်းအရာတွေကို ဆက်လက်ဖော်ပြသွားပေးပါမယ်။ ။

**ခဏ်း**

သရော်စာ

# မောင်ရင်ငတေ ပြောပြီ

ဒီတလော ကြားရသည့်သတင်းများက မကောင်း။ နိုင်ငံရေးအကျဉ်းသားတွေ ဆုံးကြတယ်၊ ခွေးတပ်လုပ်လို့ အကျဉ်းထောင်နဲ့ စစ်ကြော ရေးမှာ ကျဆုံးရတဲ့ နိုင်ကျဉ်းချည်းပဲကို ၃၆၀ ကျော်ပြီတဲ့လေ။ ဒီတော့လည်း ဘာများတတ်နိုင်ပါအုံးမည်လဲပေ့ါ။ မောင်ရင်တို့မှာက ဟိုဟာလေးဖောင်းထု ဒီဟာလေးဝေဖန်နဲ့သာ သူများမကောင်းကြောင်း ကိုယ့်ကောင်းကြောင်းချည်း တောက်လျှောက်လွှတ်လာခဲ့ကြတာမလား။ တကယ့်တကယ်တမ်း အလုပ်ဖြစ်ကြဖို့ကတော့ အစိုးရမင်းကြီးများလို့ ကိုယ့်ဘာသာဂုဏ်ထူးတပ် အလုပ်လုပ်နေကြတဲ့ လူကြီးမင်းကြီးများအပေါ်သာ မူတည်ပါတယ်။ သင်း(ဒင်း)တို့လို့မဟုတ်တဲ့ ဘေးထိုင်ဘုပြော ဘမျိုးဘိုးတူ မောင်ရင်တို့ကတော့ ဘာမှမလုပ်နိုင်မယ့်အတူတူ လေလေးတော့စိုက်ပြီး ဆွမ်းကြီးလောင်းလိုက်အုံးမဟဲ့ရယ်လို့ မှတ်ယူကာ မုန်းလို့လည်း သာသာလေးနက်ပါတယ် ချစ်လို့လည်း ပိုပြောတတ်ပါတယ်၊ အောင့်သက်သက်နဲ့သာ နာခံကြပါကုန်။

အစိုးရမင်းကြီးများဆိုမှ မြေပြင်မှာလုပ်နေတဲ့ အစိုးရမင်းလေးများအကြောင်းလည်း ပိုပိုကြားလာရပါတယ်။ ဒီတခုလည်း ပန်းသတင်း လေညင်းဆောင် မဟုတ်ရပြန်ပါဘူး။ အရပ်တကာ နယ်တကာမှာ ပြည်သူ့အတွက်ရယ် လူထုအတွက်ရယ်ပါဆိုပြီး ရည်စူး ဖွဲ့စည်းထားတဲ့အဖွဲ့တွေဖြစ်လို့သာ တော်ရော့တယ်။ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသလိုနဲ့ နောက်ဆုံး မန္တလေးက ဒေါက်တာလေးပါ ပိုစ့်တင်ပြီး ရေးရတဲ့အထိပါပဲ။ အစိုးရမင်းကြီးများကလည်း အုပ်ချုပ်ပုံ လျော့တိလျော့ရဲ အစိုးရမင်းလေးများကလည်း ကသောင်းကနင်းနဲ့ နေနေလေတော့ လူထုခမျာမှာလည်း ပေဖြစ်လည်းခံ တူဖြစ်လည်းခံရကိန်းသာ ဆိုက်နေပါတယ်။

နောင်ချိုမှာ စစ်တပ်ကပြန်ဝင်လာတော့ လူထုကိုစည်းရုံးဖို့အတွက်ဆိုပြီး ဒံပေါက်တွေလိုက်ဝေကျွေးသတဲ့လေ။ နင့်မေကလွှား… တော်ရုံတန်ရုံ စည်းရုံးရေးနည်းနာတော့မဟုတ်လေဘူး။ ဒင်းတို့လုပ်လိုက်ပြီဆိုရင်ဖြင့် အဆန်းချည်းပဲ။ ဒီတခါလူထုဟာ အရင်ကလိုမျိုး ပျားရည်နဲ့ဝမ်းချလို့ရမယ့် လူအုပ်ကြီးမဟုတ်တော့ဘူးဆိုတာကိုတော့ သူတိုမေ့များ မေ့နေလေလျော့သလားပဲ။ လူထုခမျာလည်း ထမင်းထုပ်ထက် နောက်ကဝါးရင်းတုတ်ကို ပိုကြောက်နေရတာ အမှန်ပါပဲ။ ဒံပေါက်တပွဲနဲ့ တအိမ်တယောက် စစ်မှုထမ်းသာဆို မခက်ပါလား။

ဗိုလ်ကြီးခန့်စည်သူတိုရဲ့ ဥကရစ်ထစခန်းကိုလည်း တော်လှန်ရေးတပ်တွေဘက်က သိမ်းထားပြီတဲ့။ ခန့်စည်သူကတော့ ဂန့်စည်သူမဖြစ်သွားသေးတာ ကံကောင်းတယ်ပဲမှတ်ရပါမယ်။ နောက်ထပ် စစ်တပ်ပေါ်လစီကားလေးတွေ ဆက်ရိုက်ရတာပေ့ါ။ နောက်ကို စစ်တပ်ကားရိုက်မယ်ဆိုလည်း

ကျနိုင်ခြေမရှိလောက်သေးတဲ့ နေရာတွေ စခန်းတွေကို သေချာကြိုတွက်ချက်ပြီးမှ ရိုက်ရင်ကောင်းမယ်။ မဟုတ်ရင် ပြည်သူလူထုကြီးက ဆွမ်းကြီးဝိုင်းလောင်းမှ ဇော်မဲလုံးလည်း အာ့ကျကျဆိုပြီး သတင်းစာရှင်းလင်းပွဲ ထလုပ်နေရလိမ့်မယ်။ အခုက ကွမ်းလုံတုန်းကတခါ၊ ဥကရစ်ထမှာလည်း တခါနဲ့ပါဆို စစ်တပ်ကရုပ်ရှင်ကားထွက်တိုင်း တော်လှန်ရေးတပ်တွေကို အတိတ်စိမ်းပေးပြီး လက်ယပ်ခေါ်သလိုပါဖြစ်နေပြီ။

နေပြည်တော်က ဘဘကြီးတို့ကလည်း ရွေးကောက်ပွဲအတွက်ကို ငြိမ်းချမ်းရေးဖိုရမ်တွေ ခေါ်နေတယ်။ ဟိုလူ ဒီလူ အကုန်ခေါ်ထားလိုက်တာ ခေတ်သစ်ခွေးကတက်တွေချည်း အကုန်တက်နေကြတယ်။ နိုင်ငံရေးကို ခွေးတိုးပေါက်ကဝင်၊ လူထုမျက်နှာ လူထုဆန္ဒကိုမှမထောက် အကျိုးစီးပွားလေး လက်တဆုပ်စာအတွက်နဲ့ ဘဘကြီးဘောကို အာသာတငမ်းငမ်းနဲ့ မ ကြသူများပေ့ါ။ ဒင်းတို့လုပ်ပုံကလည်း မိအေးနှစ်ခါရိုက်တောင် အမှတ်မရှိသလို ဖြစ်နေပြီလေ။ စစ်ဗိုလ်ချုပ်ကြီးတွေရဲ့ ခြေဖဝါးအောက် အခစားဝင်မှရတဲ့ မစားရဝခမန်း အခွင့်အာဏာလေးကို ကိုယ့်နိုင်ငံရေးသိက္ခာတခုလုံးနဲ့ပါ လဲလိုက်ကြတာများ ပြည်သူ့ချဉ်ဖတ်တွေဖြစ်ကြတဲ့အထိပါပဲ။ ပြည်သူကလည်း အရင်ကလိုမဟုတ်ကြတော့ဘူး၊ ဘယ်သင်းကအဖြူ ဘယ်ဟာကအမဲ သဲသဲကွဲကွဲသိနေကြပြီ။ အရင်အကွက်မျိုးပဲ လာလုပ်လို့ကတော့ လူထုကြီးက ပြန်ပြောကြပါလိမ့်မယ်၊ 'ဒါတွေ တောမှာသွားလုပ်'လို့။

ရွေးကောက်ပွဲအကြောင်းဆိုမှ အာဆီယံကလည်း ဘဘကြီးတို့ နဖူးဟိုဟာတပ်ပေါက်ပြီး လျှောက်လုပ်နေတဲ့ရွေးကောက်ပွဲကို လက်မခံနိုင်ဘူးလို့ သိရပါတယ်။ ပါတီတွေလည်း အကုန်မပါ၊ တိုင်းပြည်ငြိမ်းချမ်းရေးကလည်း မငြိမ်မသက်နဲ့ကို ရွေးကောက်ပွဲလုပ်မယ်ချည်း စိုင်းပြင်နေလေတော့ကား အာဆီယံကလည်း ဖုပြီလေ။ ရွေးကောက်ပွဲက အဖြေမဟုတ်ဘူးဆိုတာ ကလေးကအစ ခွေးအဆုံးသိကြပေမယ့် ဘဘကြီးတို့ကတော့ မသိတာပဲလား၊ မသိဟန်ဆောင် ဖွတ်လုပ်နေတာပဲလားတော့ မပြောတတ်ဘူး။ ရွေးကောက်ပွဲလုပ်ဖို့ဆိုပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ စွတ်ဆတ်ခေါ်၊ သူတို့ကျဝေဟင်မှာ ပြည်သူကို ပုံးကြဲကောင်းတုန်း။ လက်ထဲကတုတ်ကိုင်ပြီး နင့်တုတ်ကြီးချထားခဲ့ ငါ့နားအခုလာ၊ မရိုက်ဘူး စိတ်ချဆိုတဲ့ အကွက်မျိုးအတွက်ကတော့ မောင်ရင်တို့မှာလည်း သားစစ်စကားနဲ့ပဲ ပြောစရာရှိပါတော့တယ်။ 'ရယ်ချင်တာပေ့ါနော် ရယ်ချင်တာပေ့ါ ဟဲဟဲ ဟဲဟဲ'။

ဇူလိုင်လ ၃၁ ရက်မှာပဲ ဘဘကြီးက ဘဘကြီး ဦးဆောင်တဲ့ စစ်ကောင်စီအဖွဲ့ကို ဖျက်သိမ်းပြီး ကော်မရှင်တခုဖွဲ့လိုက်တယ်လေ။ အဲ့ကော်မရှင် ဥက္ကဋ္ဌကိုရော ပရိသတ်က ဘယ်သူလို့များထင်သတုန်း။ တခြားမဟုတ်ပါဘူး ဘဘကြီးပါပဲ။ ကာချုပ်ကြီးဆိုလည်း ဘဘကြီး၊ ဗိုလ်ချုပ်မှူးကြီးသတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မဆိုလည်း ဘဘကြီး၊ အိမ်စောင့်အစိုးရဝန်ကြီးချုပ်လည်း ဘဘကြီး၊ ယာယီသမ္မတကလည်း ဘဘကြီးပါပဲ။ ဟူး... မောတောင်မောတယ်၊ နောက်ဆုံး မအေလဆိုတာလည်း ဘဘကြီးပါပဲခင်ဗျာ။ ဘွဲ့ထူးဂုဏ်ထူးတွေကလည်းများလိုက်တာဆိုတာ သူ့ကိုယ်သူပဲရာထူးခန့် သူ့ကိုယ်သူပဲတာဝန်ပြန်ရုပ်သိမ်းနဲ့ တနိုင်ငံလုံးမှာ သူဂယက်အထဆုံးနဲ့ စောင်လုပ်အရှုပ်ဆုံးပါပဲ။ အဲ့ကော်

မရှင်ကိစ္စကလည်း အလှည့်အပြောင်းပါပဲ၊ နောက် ၆ လအကြာမှာ ရွေးကောက်ပွဲ တကယ်စတော့မယ် ဆိုတာ အချက်ပေးခေါင်းလောင်းထိုးလိုက်တာပဲကိုး။ လူထုအဖြစ်ကတော့ ရယ်ရလည်းခက် ငိုရလည်း အခက်ပါပဲ။ သူတို့တကယ်ပြောင်းလဲဖို့တွန်းအားပေးနေတာက လူထုအစိုးရဆိုသူတွေ တကယ်ပြောင်း လဲချလိုက်တာကကျ ဟိုမအေရိုးကြီးဖြစ်နေလေတော့ကား မှန်းချက်နဲ့ နမ်းထွက်နဲ့သိပ်မကိုက်ဘူးဖြစ် သွားတယ်။ ဒီတော့လည်း သိပ်မဆိုးလှပါဘူး၊ အစိုးရ ၂ ရပ် ယာယီသမ္မတ ၂ ဦးနဲ့ ဘယ်လောက်မိုက် လိုက်သလဲ။ တိုင်းပြည်ကံကြမ္မာကိုကြည့်ပြီး မောင်ရင်တို့မှာ လူထုကြီးအစား 'လူမွဲတွေက မနေးခေတ် မီ သူဌေးဖြစ်တော့မည်'ဆိုပြီးတော့တောင် ဟစ်လိုက်ချင်သေး။ မည်သို့ပင်ဆိုစေကာမူပေါ့လေ မောင် ရင်တို့လို မြန်မာ့အရေး အလေးအနက်တွေးသူများအနေနဲ့က အတင်းလေးပဲတုပ်ရတုပ်ရ ဖောင်းပဲထုရ ထုရဆိုပြီး တိုင်းပြည်အခြေအနေကို မျက်ခြည်မပြတ် အချိန်မှန်မှန်စောင့်ကြည့်ပေးနေပါတယ်။ ဘယ် သူနေနေ မောင်ရင်ကတော့ ကျားရှေ့ မှောက်လျက်လဲလာတဲ့ သားကောင်ကို ဥပုသ်မစောင့်နိုင်ပါဘူး။ တွယ်ရမှာကကို ကိုယ့်အလုပ်ပေကိုး။

ကဲ... ကဲ... တော်သေးပြီ။

**မောင်ရင်ငတေ**

"သူပုန်" ဆိုတာ "မတရား" တာကို တော်လှန်ပုန်ကန်သူကို ခေါ်တာပါ။ ခုအခါ စစ်တပ်ဟာ "တပ်မတော်" လဲမဟုတ်တော့လို့ သူတို့ကို ပြည်သူတွေက "သူပုန်" လို့ အမှတ်မထင်ခေါ် ဝေါ်သမုတ်နေပေမဲ့ သူတို့ဟာ "သူပုန်" မဟုတ်ပါ။ "သူပုန်" တွေကို မကောင်းတဲ့နာမည်နဲ့ "သောင်းကျန်းသူ" လို့ ခေါ်တွင်စေခဲ့ပါတယ်။ "သူပုန်" ဆိုတာ မကောင်းတဲ့အစိုးရကို ပုန်က န်တဲ့ပြည်သူကိုခေါ်တာပါ။ "သောင်းကျန်းသူ" ဆိုတာက ဆိုးသွမ်းလုယက်တဲ့ ဓားပြအကြီး စားပါ။ ဗိုလ်ချုပ်အောင်ဆန်းတည်ထောင်ခဲ့တဲ့ "တပ်မတော်" မရှိတော့တဲ့အတွက် ဗိုလ်နေ ဝင်းစစ်တပ်ကို ရိုးရိုးပဲ စစ်သားတွေပါတဲ့လူစုမို့ "စစ်တပ်" လို့ပဲခေါ်ပါ။ သူတို့ လုယက်တိုက် ခိုက်နေတာကြောင့် ဒင်းတို့ကို သူပုန်လို့လဲ မခေါ်ပါနဲ့။ မတန်ပါ။ သောင်းကျန်းသူ၊ စစ်ဓား ပြ(စစ်ဒမြ)တွေပါ။

**မောင်စွမ်းရည်**

(မိုးမခ) မတ် ၁၉၊ ၂၀၂၁

## ဓါတ်ပုံစကား

# ရှစ်လေးလုံးလူထုအရေးတော်ပုံ မှတ်တမ်းဓါတ်ပုံများ








STUDENTS'


NEED MULTIPARTY


8888 The Uprising
August or September 1988
Writers & Artists (Rangoon)
©Photo: Htein Win (1988)










အောင်လံတော်စာစောင်နှင့်သက်ဆိုင်သည့်ကိစ္စရပ်များအတွက်ဖြစ်စေ၊
စာမူများ ပေးပို့လျှင်ဖြစ်စေ အောက်ပါလိပ်စာသို့ ဆက်သွယ်နိုင်ပါသည် -
Email: publicandalliancesaffair@gmail.com
Telegram: @aung1andaw